# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၁ ရက် | ၂၀၂၄ ခုနှစ်၊ ဇွန် ၇ ရက်၊ သောကြာနေ့ | အတွဲ (၆၃)၊ အမှတ်(၂၄၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





# စံပြငါးဈေး(အောင်မင်္ဂလာဆိပ်ကမ်း)မှ မတ်လမှ ဇွန် ၁ ရက်အထိ သင်္ဘော ၁၀ စင်းဖြင့် ငါးမျိုးစုံ ၁၀၈၁၂ တန် တင်ပို့နိုင်ခဲ့

**နေပြည်တော် ဇွန် ၆**

ပြည်တွင်းမွေးမြူရေးငါးများဖြစ်သည့် ငါးမြစ်ချင်း၊ ငါးတန်၊ ငါးသိုင်းခေါင်းပွ စသည့်ရေချိုငါးများကို အိမ်နီးချင်းနိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အဓိကအများဆုံး ဝယ်ယူလျက်ရှိရာ ယခင်က စစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းမှ စစ်ဆေးမှုများ ပြုလုပ်ပြီး တင်ပို့ခဲ့သော်လည်း ယခုအခါ ပို့ကုန်လမ်းကြောင်းသစ်အဖြစ် နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့မည့် ရေချိုငါးများအား အဆင်ပြေချောမွေ့စွာ တင်ပို့နိုင်ရေးအတွက် စံပြငါးဈေး(အောင်မင်္ဂလာဆိပ်ကမ်း) ကို ယာယီဆိပ်ကမ်းအဖြစ် သတ်မှတ်ပြီး အကောက်ခွန်ဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ရေကြောင်းရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တို့ပါဝင်သည့် One Stop Services(OSS) အဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

*စာမျက်နှာ ၄ ကော်လံ ၁ ➜*

## ယနေ့ ဖတ်စရာ

**လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်မြင့်မားမှုနှင့် စိုက်ပျိုးရေးအပေါ် အကျိုးသက်ရောက်မှု**

ဆောင်းပါး | စာ ၁၀





**ဥရောပပါလီမန်ရွေးကောက်ပွဲ နယ်သာလန်နိုင်ငံ၌ စတင်**

နိုင်ငံတကာသတင်း | စာ ၁၃

**ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အသုံးပြုရန် အထိမ်းအမှတ်တံဆိပ် (Logo) ရေးဆွဲပြိုင်ပွဲ ကျင်းပမည်**

ပြည်တွင်းသတင်း | စာ ၃

**ပြည်သူတွေဆီ မျက်နှာမူ၍ ဖြတ်သင့်သည့် သံယောဇဉ်ကို ဖြတ်ပေးပါ**

ဆောင်းပါး | စာ ၆

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးကျင်းပ

## မျိုးချစ်စိတ်ကို ဖော်ညွှန်းသည့် တစ်နိုင်ငံလုံးပါဝင်ဆင်နွှဲမည့်ပွဲတော်တစ်ခုဖြစ်ပြီး မြန်မာလူမျိုးဖြစ်ရသည်ကို ဂုဏ်ယူသည့်စိတ်ဖြစ်အောင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ကြည့်ရှုခံစားခဲ့ရသည့် စိတ်ခံစားမှုမျိုး ပြန်လည်ရရှိအောင် ဆောင်ရွက်သွားမည်

**နေပြည်တော် ဇွန် ၆**

ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် ကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေး၊ ဦးရဲတင့်၊ ဒေါ်နုမြဇံ၊ ဒေါက်တာအောင်ဇေယျ၊ ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ။



ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်။

**နိုင်ငံတော်အဆင့် ခမ်းခမ်းနားနား ကျင်းပသွားမည်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်ကို ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းတွင် နိုင်ငံတော်အဆင့် ခမ်းခမ်းနားနား ကျင်းပသွားမည်ဖြစ်ပြီး ယနေ့အစည်းအဝေးတွင် အမျိုးသား အားကစားပွဲတော်ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားအစီအစဉ်များကို သုံးသပ်ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ယခင်ကျင်းပခဲ့သည့် အမျိုးသားအားကစားပွဲတော်နှင့် ၂၀၁၃ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆောင်ရွက်ခဲ့မှုများနှင့် ပေါင်းစပ်ပြီး ကျင်းပလျှင် သင့်တော်မည်ဟု အကြံပြုလိုပါကြောင်း၊ အနုပညာရှင်၊ အတတ်ပညာရှင်များလည်း ပါဝင်ဆွေးနွေးသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများ အနေဖြင့် ဆောင်ရွက်လိုသည်များကို အသေးစိတ်ဆွေးနွေးကြစေလိုပါကြောင်း။

**အနှစ်သာရရှိသည့်ပွဲတော်ကြီးတစ်ခုဖြစ်**

အကြမ်းဖျင်းအားဖြင့် ဖွင့်ပွဲကို ခမ်းခမ်းနားနားကျင်းပရန် လျာထားပါကြောင်း၊ ပိတ်ပွဲအခမ်းအနားတွင် ဘောလုံးပွဲစဉ်၊ အမျိုးသားအားကစားပွဲတော် ဂုဏ်ပြုတေးသီချင်းများ၊ စုပေါင်းသရုပ်ပြဖျော်ဖြေတင်ဆက်မှု အစီအစဉ်များဖြင့် ပိတ်သိမ်းသွားမည် ဖြစ်ပါကြောင်း၊ အမျိုးသားအားကစားပွဲတော်သည် အမျိုးသားရေးအတွက် အနှစ်သာရရှိသည့် ပွဲတော်ကြီးတစ်ခုဖြစ်ပါကြောင်း၊ မျိုးချစ်စိတ်ကို ဖော်ညွှန်းသည့် တစ်နိုင်ငံလုံး ပါဝင်ဆင်နွှဲမည့် ပွဲတော်တစ်ခုဖြစ်ပြီး မြန်မာလူမျိုးဖြစ်ရသည်ကိုဂုဏ်ယူသည့်စိတ်ဖြစ်အောင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ကြည့်ရှုခံစားခဲ့ရသည့် စိတ်ခံစားမှုမျိုး ပြန်လည်ရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ကြိုးစားလိုသည့် အားမာန်များရရှိစေမည်**

ပွဲတော်တစ်ပွဲ၏ အနှစ်သာရသည် ဖွင့်ပွဲတွင် မူတည်ပါကြောင်း၊ ဖွင့်ပွဲအခမ်းအနားကို ကြည့်ရှုပြီး မျိုးချစ်စိတ်၊ စည်းလုံးမှု၊ နိုင်ငံအတွက် တိုးတက်အောင် ကြိုးစားလိုသည့် အားမာန်များ ရရှိစေမည်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး အားလုံးပူးပေါင်းပါဝင်သည့် ပွဲတော်ဖြစ်သည့်အတွက် အဓိပ္ပာယ်လေးနက်ပါကြောင်း၊ ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ပိုမိုကောင်းမွန်သော အကြံပြုချက်များကို ဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက နိုင်ငံ့ဂုဏ်ဆောင်ပွဲတစ်ခုတွင် အဓိကကျသည်မှာ ဖွင့်ပွဲနှင့်ပိတ်ပွဲဖြစ်ပြီး ဖွင့်ပွဲအခမ်းအနား အစီအစဉ် (မူကြမ်း) ကို တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်ဖွင့်ပွဲတွင် နိုင်ငံတော်အလံကို Free Fall လေထီးဖြင့် ကွင်းအတွင်းသို့ သယ်ဆောင်လွှင့်တင်မည်ဖြစ်ပြီး အဖွင့်သီချင်းကို အနုပညာရှင်များ၊ ကျောင်းသား ကျောင်းသူများက သီဆိုကပြဖျော်ဖြေမည် ဖြစ်ပါကြောင်း။

**အစီအစဉ် ၁၇ ခုဖြင့် ကျင်းပရန်လျာထား**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံးနှင့် မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံးတို့မှ ဖျော်ဖြေတင်ဆက်မှုအစီအစဉ်များလည်း ပါဝင်မည်ဖြစ်ပါကြောင်း၊ ဖွင့်ပွဲကို အစီအစဉ် ၁၇ ခုဖြင့် ကျင်းပရန် လျာထားပါကြောင်း၊ ယခင်ကျင်းပခဲ့သည့် ပွဲတော်များကို မှီငြမ်း၍ ဖွင့်ပွဲနှင့် ပိတ်ပွဲ အစီအစဉ်များကို လျာထားခြင်းဖြစ်ပြီး လိုအပ်သလို ဝိုင်းဝန်းဖြည့်စွက်အကြံပြုကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က နိုင်ငံတော်အဆင့်ပွဲတော်ဖြစ်သည့်အတွက် ထူးထူးခြားခြားဖြစ်စေလိုပါကြောင်း၊ ပွဲတော်၏ ဖွင့်ပွဲနှင့် ပိတ်ပွဲတွင် ဆောင်ရွက်မည့် Performance၊ ဖျော်ဖြေတင်ဆက်မှုများကို နိုင်ငံတကာအဆင့်မီ ဖြစ်စေလိုပါကြောင်း၊ မိမိတက်ရောက်ခဲ့သည့် ပွဲတော်များ၏ Performance များ၊ Stage အပြင်အဆင်များ၊ မီးအလင်းအမှောင်ဒီဇိုင်းများကို တင်ပြသွားမည်ဖြစ်ပါကြောင်း၊ မြန်မာ့ဂုဏ်ဆောင် အားကစားပွဲတော်ကြီးအဖြစ် ရသပေါ်လွင်အောင် ကျင်းပသွားမည်ဖြစ်ပြီး အကြံပြု ဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖွင့်ပွဲပိတ်ပွဲအစီအစဉ်များ ရေးဆွဲရာတွင် အဓိကအခြေခံရမည့်အချက်၊ အစီအစဉ်လျာထားချက်များ၊ ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားတွင် သရုပ်ပြသီဆိုဖျော်ဖြေတင်ဆက်မည့် တေးသီချင်း၊ တေးသရုပ်ဖော်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးများ၊ အနုပညာရှင်၊ အတတ်ပညာရှင်များနှင့် တက်ရောက်လာသူများက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **သတင်းစဉ်**

## ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အသုံးပြုရန် အထိမ်းအမှတ်တံဆိပ် (Logo) ရေးဆွဲပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဇွန် ၆**

၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကိုယ်စားပြုသတ်မှတ်အသုံးပြုမည့် အထိမ်းအမှတ်တံဆိပ်(Logo) ပြိုင်ပွဲကို ဇွန် ၁၃ ရက်မှ ဇူလိုင် ၁၂ ရက်အတွင်း ကျင်းပမည်ဖြစ်သည်။

အထိမ်းအမှတ်တံဆိပ်(Logo)တွင် ပါဝင်ရမည့်အချက်များအနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ကျင်းပမည်ဆိုသည့် အဓိပ္ပာယ်၊ ကျင်းပသည့် အကြိမ်အရေအတွက်နှင့် ပါဝင်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများကို ကိုယ်စားပြုသော အဓိပ္ပာယ်၊ အပြည်ပြည်ဆိုင်ရာ အိုလံပစ်အထိမ်းအမှတ် ပြာ၊ ဝါ၊ နက်၊ စိမ်း၊ နီ အရောင်ပါကွင်း(၅)ကွင်း၊ အားကစားသမားအချင်းချင်း၊ ဝန်ကြီးဌာနများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများအကြား ချစ်ကြည်ရင်းနှီးမှု သဘောဆောင်သည့် ရေးဆွဲချက်၊ မိမိနိုင်ငံရှိ ထင်ရှားသော အထိမ်းအမှတ်အဆောက်အဦများကို ဖော်ညွှန်းသည့် အဓိပ္ပာယ်ပါသော ရေးဆွဲချက်၊ မိမိရေးဆွဲယှဉ်ပြိုင်သည့် ပန်းချီ သို့မဟုတ် Graphic Design တွင် ရေးဆွဲထားသော အကြောင်းအရာနှင့် အသုံးပြုထားသော အရောင်တို့၏ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်များ ပါရှိရမည်ဖြစ်ပြီး ၎င်းပြိုင်ပွဲသို့ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

ယခင်က ကျင်းပခဲ့သည့် အမျိုးသားအားကစားပွဲတော်တွင် အသုံးပြုခဲ့သည့် (Logo)အစား ယခုပြိုင်ပွဲတွင် ရွေးချယ်ခြင်းခံရသည့် (Logo) ကို ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အသုံးပြုသွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ရွေးချယ်ခြင်းခံရပါက ဆုကြေးငွေအဖြစ် ငွေကျပ် ၂၅ သိန်းကို ချီးမြှင့်ပေးသွားမည်ဖြစ်ကာ ရွေးချယ်ခြင်းခံရသူကို နေ့စဉ်ထုတ်သတင်းစာများတွင် ကြော်ငြာ၍ ဆုချီးမြှင့်ပွဲကျင်းပပေးသွားမည်ဖြစ်ပြီး ရွေးချယ်ခံရသော(Logo)ကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ မူပိုင်အဖြစ် သတ်မှတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စက်မှုဇုန်ပြင်ပတွင် လည်ပတ်နေသော လုပ်ငန်းများရှိသဖြင့် စက်မှုဇုန်အသစ်များ ထပ်မံတည်ဆောက်ပေးသွားရမည်

**နေပြည်တော် ဇွန် ၆**

စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ကောင်စီဝင်များ၊ စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ နေပြည်တော်ကောင်စီရှိ ဌာနဆိုင်ရာ အကြီးအကဲများနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ထပ်မံတည်ဆောက်ပေးရမည်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် တည်ထောင်ပြီး စက်မှုဇုန် ၂၈ ဇုန်၊ စက်မှုရပ်ကွက် ငါးခု၊ ဆောင်ရွက်ဆဲစက်မှုဇုန်စီမံကိန်း နှစ်ခုရှိကြောင်း၊ အဆိုပါ စက်မှုဇုန်၊ စက်မှုရပ်ကွက်နှင့် စီမံကိန်းများအတွင်း အငယ်စား၊ အလတ်စားနှင့် အကြီးစားစက်မှုလုပ်ငန်းပေါင်း ၇၉၇၂ ခုရှိပြီး လုပ်သားပေါင်း ငါးသိန်းကျော်ကို အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးထားနိုင်ကြောင်း၊ စက်မှုဇုန်ပြင်ပတွင် လည်ပတ်နေသော လုပ်ငန်းများရှိသဖြင့် စက်မှုဇုန်အသစ်များ ထပ်မံတည်ဆောက်ပေးသွားရမည် ဖြစ်ကြောင်း၊ ပြည်တွင်း စက်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စက်မှုဇုန်အသစ်များ တည်ထောင်ရန်နှင့် တည်ထောင်ထားရှိသော စက်မှုဇုန်များ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်၍ စက်မှုဇုန်ဥပဒေကို ၂၀၂၀ ပြည့်နှစ် မေ ၂၆ ရက်တွင် အတည်ပြုပြဌာန်းခဲ့ပြီး တာဝန်ခံဝန်ကြီးဌာနသည် စက်မှုဝန်ကြီးဌာနဖြစ်ကြောင်း၊ အတည်ပြုပြီး စက်မှုဇုန်ဥပဒေနှင့်အညီ ဗဟိုကော်မတီ၊ဒေသဆိုင်ရာကော်မတီ၊ စီမံခန့်ခွဲရေး ကော်မတီများ ဖွဲ့စည်းပြီး စက်မှုဇုန်အသစ်များ စနစ်တကျ ထူထောင်သွားရန်၊ တည်ထောင်ပြီး စက်မှုဇုန်များအား အဆင့်မြှင့်တင်ရန်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်များတွင် ပြန့်ကျဲတည်ရှိနေသော စက်မှုလုပ်ငန်းများအား စက်မှုဇုန်များတွင် စုပေါင်း လုပ်ကိုင်စေခြင်းဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများ ခံစားရရှိစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန်နှင့် နိုင်ငံ့စီးပွားတိုးတက်စေရန် ဆောင်ရွက်ကြရန် ပြောကြားသည်။

**လက်တွေ့ကျကျစီမံဆောင်ရွက်**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီအနေဖြင့် ပြည်တွင်းစားသုံးဆီဖူလုံစေရေး၊ အခြားကုန်ထုတ်လုပ်မှု လုပ်ငန်းများ တိုးတက်စေရေး၊ တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးတို့အတွက် အလားအလာရှိသော လုပ်ငန်းများကို လက်တွေ့ကျကျ စီမံဆောင်ရွက်လျက်ရှိပြီး လိုအပ်ချက်များရှိပါက ဖြည့်ဆည်း



ဆောင်ရွက်ပေးရန် ဆွေးနွေးပြောကြားသည်။

ယင်းနောက် စက်မှုလုပ်ငန်းနှင့်စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က စက်မှုဇုန်ဥပဒေနှင့် စက်မှုဇုန်နည်းဥပဒေဆိုင်ရာများ၊ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဖွဲ့စည်းမှု၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ စက်မှုဇုန်အသစ် တည်ထောင်ခြင်းနှင့် သတ်မှတ်ကြေညာခြင်း၊ စက်မှုလုပ်ငန်းများနှင့် ဆောင်ရွက်ဆဲ စက်မှုဇုန်စီမံကိန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်က ဒက္ခိဏသီရိစက်မှုဇုန် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု၊ စက်မှုဇုန်အသစ်များ ထပ်မံဖော်ဆောင်မည့် အခြေအနေကို လည်းကောင်း၊ နေပြည်တော်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဒက္ခိဏသီရိ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌတို့က ဒက္ခိဏသီရိစက်မှုဇုန်၏ လုပ်ငန်းလည်ပတ်နေမှုတို့ကိုလည်းကောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူဆောင်ရွက်သွားမည်

**နေပြည်တော် ဇွန် ၆**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းဆိုင်ရာ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ချင်းတွင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



တွေ့ဆုံပွဲတွင် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံတွင် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကောက်ယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် လုံခြုံရေးအခြေအနေနှင့် လမ်းပန်းဆက်သွယ်မှုအခက်အခဲများကြောင့် သတ်မှတ်ရက်အတွင်း ကောက်ယူရန် ကျန်ရှိနေပါက ရက်ထပ်မံတိုးမြှင့်ကောက်ယူနိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်ထားကြရန်လိုကြောင်း၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို အိမ်ထောင်စု မေးခွန်းပုံစံအတွက် မေးခွန်း ၆၈ ခု၊ အဖွဲ့အစည်းမေးခွန်းပုံစံအတွက် မေးခွန်း ၁၈ ခုဖြင့် တစ်အိမ်တက်ဆင်း ကောက်ယူမည်ဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် မေးခွန်းများကို မှန်မှန်ကန်ကန် ဖြေကြားခြင်းဖြင့် ပူးပေါင်းကူညီနိုင်ရေးအတွက် ပြည်သူလူထု အသိပညာပေး လုပ်ငန်းများကိုလည်း ထိထိရောက်ရောက်၊ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားကြရမည် ဖြစ်ကြောင်း၊ ယခုလုပ်ငန်းစဉ်ကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူကာ အားလုံးတက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူရေးအတွက် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားပြီး သန်းခေါင်စာရင်းကောက်ယူခြင်းနှင့်ပတ်သက်၍ ရုပ်မြင်သံကြား Channel များတွင် ထုတ်လွှင့်ပြသမည့် ပြည်သူလူထု အသိပညာပေး TV Spot များကို ပြသသည်။

ဆက်လက်၍ တိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ခံတို့က သန်းခေါင်စာရင်းလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို လွှဲပြောင်းပေးအပ်ပြီး ပြည်လုံးကျွတ်သန်းခေါင်စာရင်းတွင် အသုံးပြုမည့်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် မုံရွာမြို့ ပြည်သူ့အားကစားကွင်း၊ ဖူဆယ်အားကစားရုံသို့ ရောက်ရှိပြီး နိုင်ငံသားကတ်ပြားရှိပြီးဖြစ်သည့် ပြည်သူများအား ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များကို နေပြည်တော် ရုံးချုပ်ရှိ e-ID Server မှ အချက်အလက်များနှင့် တိုက်ဆိုင်စိစစ်၍ ကိုယ်ရေးအချက်အလက် (Biographic) နှင့် ဇီဝဆိုင်ရာအချက်အလက် (Biometric) ကောက်ယူကာ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ် ထုတ်ပေးနေမှုကို ကြည့်ရှုအားပေးကာ လုပ်ငန်းများ မှန်ကန်မြန်ဆန်စေရေးနှင့် အချက်အလက်ကွဲလွဲမှုများရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်ပြင်ဆင်အတည်ပြုဆောင်ရွက်နိုင်ရေး မှာကြားသည်။

ထို့နောက် Unique ID နံပါတ် ရရှိရေးအတွက် လာရောက်ဆောင်ရွက်ကြသည့် ပြည်သူများ၏ လုပ်ငန်းဆိုင်ရာ အခက်အခဲများကို မေးမြန်းဆွေးနွေးပြီး UID နံပါတ် ထုတ်ပေးဆောင်ရွက်မှုနှင့် အခြားသောဝန်ဆောင်မှုများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြား၍ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။**(အပေါ်ဝဲပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရုံးအဆောက်အဦအခြေအနေနှင့် ရုံးဝင်းအတွင်းရာသီသီးနှံပင်များ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှု၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာတပ်ဆင်ပြီးစီးမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❍ ***ရှေ့ဖုံးမှ***

ထိုသို့တင်ပို့ရာတွင် One Stop Services (OSS) အဖွဲ့မှ နေ့စဉ်တင်ပို့မှုကို အဖွဲ့ဖြင့် စနစ်တကျစစ်ဆေးပြီးပါက Seal ပိတ်ခြင်း၊ ပို့ကုန်လိုင်စင်နှင့် ပို့ကုန်ကြေညာလွှာပါအတိုင်း ငါးအမျိုးအစား၊ အရေအတွက်ကွဲလွဲမှုမရှိစေရေး ရေယာဉ်ပေါ်တွင် မူးယစ်ဆေးဝါး လက်နက်ခဲယမ်းပစ္စည်းများ ပါရှိမှုမရှိစေရေးတို့အတွက် စနစ်တကျစစ်ဆေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

စံပြငါးဈေး(အောင်မင်္ဂလာဆိပ်ကမ်း)မှ ၂၀၂၄ ခုနှစ် မတ်လမှ ဇွန် ၁ ရက်ထိ သင်္ဘော ၁၀ စင်းဖြင့် ငါးမျိုးစုံ ၁၀၈၁၂ တန် တင်ပို့နိုင်ခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် ရန်ကုန်မုတ္တမဆိပ်ကမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများဖြစ်သည့် ကွမ်းသီး၊ ဆီးထုပ်၊ ငါးနီတူခြောက်၊ မုန့်ဖတ်ခြောက်၊ ကော်ဖီမစ်၊ မာမီးခေါက်ဆွဲ၊ ရွှေပြည်နန်းသနပ်ခါး၊ ဖိနပ်၊ ကျောက်ချဉ်၊ ဆေးကုလားမ စုစုပေါင်းတန်ချိန် ၆၂၃ တန်ကျော် တင်ပို့နိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် နဝင်းချောင်းတံတား တိုးချဲ့တည်ဆောက်ရေးလုပ်ငန်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း လမ်းတာပေါင်တိုးချဲ့ခြင်းနှင့် လမ်းနယ်အတွင်း ရေဝပ်နေရာများမြေဖို့နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန် – မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၂၄၅/၇) တွင် တံတားဦးစီးဌာန တံတားအထူးဖွဲ့(၆)မှ တာဝန်ယူတည်ဆောက်နေသည့် နဝင်းချောင်းတံတားအရှည်ပေ ၁၉၀ အား မူလ နှစ်လမ်းသွားတံတားမှ လေးလမ်းသွားတံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ လက်ရှိဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မိုးတွင်းကာလရောက်ရှိပြီဖြစ်၍ တံတားတိုင်လုပ်ငန်းများနှင့် တံတား၏ Up Stream နှင့် Down Stream တို့၏ မြေထိန်းနံရံလုပ်ငန်းများကို သတ်မှတ်အချိန်မီ ပြီးစီးရေး အလေးထားဆောင်ရွက်ရန်၊ တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အရည်အသွေးကောင်းမွန်အောင်ဆောင်ရွက်ရန်၊ ယာဉ်သွားလာမှုများပြားသည့်အတွက် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးအထူးအလေးထား ဆောင်ရွက်ရန်မှာကြားပြီး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။





ယခုတိုးချဲ့တည်ဆောက်နေသည့် နဝင်းချောင်းတံတားသည် အရှည်ပေ ၁၉၀ ရှိပြီး လက်ရှိနှစ်လမ်းသွားတံတားအဆင့်မှ လေးလမ်းသွား တံတားအဆင့်သို့ တိုးချဲ့တည်ဆောက်ခြင်းဖြစ်ပြီး လုပ်ငန်းများကို ၂၀၂၄ ခုနှစ် ဧပြီ ၁ ရက်မှစ၍ တည်ဆောက်ခဲ့ရာ တံတားကြီးပြီးစီးပါက ရန်ကုန် – မန္တလေး ပြည်ထောင်စုလမ်းမကြီး၏ တံတားနေရာ၌ ယာဉ်ကြောကျပ်တည်းမှုများလျော့ချနိုင်မည့်အပြင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်များ ကင်းရှင်းစွာသွားလာနိုင်မည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန် – မန္တလေး ပြည်ထောင်စုလမ်းမကြီး နေပြည်တော်ကောင်စီနယ်မြေအတွင်း ယခင် လေးလမ်းသွားအဆင့်မှ ခြောက်လမ်းသွားအဆင့် လမ်းတာပေါင်တိုးချဲ့ဆောင်ရွက်နေမှု၊ လမ်းကြောင်းတစ်လျှောက် လမ်းဘေးဝဲ / ယာတွင် ယခင်နှစ်များက စိုက်ပျိုးထားရှိပြီးသောအပင်များ ရှင်သန်ဖြစ်ထွန်းနေမှု၊ လမ်းဘေးဝဲ/ယာ၌ လမ်းနယ်အတွင်း ရေဝပ်သည့်နေရာများကို မြေဖို့ဆောင်ရွက်နေမှု၊ ယခင် စိုက်ပျိုးပြီး ပျက်စီးသွားသောအပင်များကို အစားထိုးစိုက်ပျိုးထားရှိမှုနှင့် ယခုနှစ် မိုးတွင်းကာလတွင် လမ်းဘေး ဝဲ/ယာ တစ်လျှောက်အပင်များ ထပ်မံစိုက်ပျိုးနေသည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ယခုလမ်းပိုင်းကို Master Plan အနေဖြင့် ခြောက်လမ်းသွားအဆင့်တိုးမြှင့်ဆောင်ရွက်ရန် လျာထားပြီး ပထမအဆင့်အနေဖြင့် လေးလမ်းသွားအဆင့် ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ယခုတိုးချဲ့ဆောင်ရွက်နေသည့် လမ်းတာပေါင်ကို သတ်မှတ်စံချိန်စံညွှန်းအတိုင်း အရည်အသွေးပြည့်ဝစွာ ဆောင်ရွက်ထားရန်လိုကြောင်း၊ လမ်းဘေး ဝဲ/ယာ သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်စေရေးအတွက် သစ်ပင်များကို Tree Guard များ အသုံးပြုပြီး အကာအကွယ်ပြုလုပ်ထားရန်နှင့် မိုးတွင်းကာလတစ်လျှောက် စစ်ဆေး၍ လိုအပ်ပါက အစားထိုးလဲလှယ်စိုက်ပျိုးခြင်းကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကွန်ပျူတာတက္ကသိုလ်(ပြည်)မှ ရေးဆွဲဆောင်ရွက်ခဲ့သော Pagoda Digital Directory တွင် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)ရှိ သမိုင်းဝင်ဘုရားစေတီပုထိုးများ၏ အချက်အလက်များ ထည့်သွင်းနိုင်ရေးဆွေးနွေး

**ပြည် ဇွန် ၆**

ကွန်ပျူတာတက္ကသိုလ်(ပြည်)မှ ရေးဆွဲဆောင်ရွက်ခဲ့သော Pagoda Digital Directory တွင် Data များထည့်သွင်းရန် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၏ညွှန်ကြားချက်အရ ပြည်ခရိုင်၊ သာယာဝတီခရိုင်၊ နတ်တလင်းခရိုင်များရှိ မြို့နယ်များမှ ရှေးဟောင်းသမိုင်းဝင်ဘုရားစေတီပုထိုးများ၏ သမိုင်းဆိုင်ရာ အချက်အလက်များရရှိရေး ဂေါပကအဖွဲ့ဝင်များနှင့် ဆွေးနွေးညှိနှိုင်းခြင်းနှင့် ကွန်ပျူတာတက္ကသိုလ်(ပြည်)မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ဆောင်ရွက်ထားသော project များ ပြသသည့်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကွန်ပျူတာတက္ကသိုလ်(ပြည်) ၌ ကျင်းပသည်။



အခမ်းအနားတွင် ကွန်ပျူတာတက္ကသိုလ် (ပြည်)မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာယုဇနက Pagoda Digital Directory ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကွန်ပျူတာသိပ္ပံ မဟာဌာနမှ ကထိကဒေါ်သူဇာဝင်းက Pagoda Digital Directory အသုံးပြုပုံ လက်တွေ့ ဆောင်ရွက်ပုံများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်ရွှေဆံတော်ဂေါပကအဖွဲ့အပါအဝင်ပဲခူးတိုင်း(အနောက်ပိုင်း)မြို့နယ်များရှိ သမိုင်းဝင်ဘုရားစေတီများမှ ဂေါပကအဖွဲ့ဝင်များက Pagoda Digital Directory တွင် သက်ဆိုင်ရာမြို့နယ်အလိုက် ဘုရားစေတီပုထိုးများ၏ Data များ ထည့်သွင်းနိုင်ရေးနှင့် ပေးပို့ရမည့်အချက်အလက်များနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ကွန်ပျူတာတက္ကသိုလ်(ပြည်) ဒုတိယပါမောက္ခချုပ်က ဆွေးနွေးမှုများအပေါ် ပြန်လည်ဖြေကြားဆွေးနွေးပြီး ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်၊ ပြည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသက်လွင်နှင့် တာဝန်ရှိသူများက လိုအပ်သည်များကို အကြံပြုဆွေးနွေးသည်။

ထို့နောက် တာဝန်ရှိသူများနှင့် ဂေါပကအဖွဲ့များက ကွန်ပျူတာတက္ကသိုလ်( ပြည်)မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ပြုလုပ်ထားသော Museum Pool Project, Eco Tourism in Pyay, Welcome to Pyay စသည့် ခရီးသွားလုပ်ငန်းအကျိုးပြု information system များ ကျန်းမာရေး၊ ပညာရေး၊ ကညန စသည့်ဌာနဆိုင်ရာများအတွက် ဆောင်ရွက်ထားသော ဒေသအကျိုးပြုသုတေသန Project များကို ကြည့်ရှုခဲ့ကြသည်။ **ကိုဆက်(ပြန်/ဆက်)**




## မိတ္ထီလာမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အခမ်းအနားကျင်းပ

**မိတ္ထီလာ ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက နည်းပညာတက္ကသိုလ်(မိတ္ထီလာ)၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါအခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးက အမှာစကားပြောကြားပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးစန္ဒာက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကမ္ဘာ့ကုလသမဂ္ဂ(UN)နှင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် ( UNEP ) တို့မှပေးပို့သည့် ဗီဒီယိုလစ်များပြသသည်။ ထို့နောက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော စက်ရုံ၊ အလုပ်ရုံတိုင်းဒေသကြီးအဆင့် ပထမဆုရရွှေတောင်ဘိလပ်မြေစက်ရုံ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သောမြို့ တိုင်းဒေသကြီးဂုဏ်ပြုဆုရမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း တိုင်းဒေသကြီးအဆင့် အထက၊ အလကအဆင့်တွင် နှစ်သိမ့်ဆုရ အထက(၄)တို့မှ တာဝန်ရှိသူများထံသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်သည်။ ထို့နောက် နံရံကပ်စာစောင်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအထောက်အကူပြုစက်ပစ္စည်းကိရိယာများ၊ အသိပညာပေးစာစောင်များကို ကြည့်ရှုခဲ့ကြောင်း သိရသည်။ **ချမ်းသာ (မိတ္ထီလာ)**

## ရာသီဥတု အညွှန်းကိန်းသီးနှံ အာမခံလုပ်ငန်း အသိပညာပေးဆွေးနွေး

**သာယာဝတီ ဇွန် ၆**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် သာယာဝတီခရိုင် မြန်မာ့အာမခံလုပ်ငန်းတာဝန်ခံက ယနေ့ နံနက် ၉ နာရီတွင် ရာသီဥတုအညွှန်းကိန်း သီးနှံအာမခံလုပ်ငန်း အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါအသိပညာပေးဆွေးနွေးပွဲကို သာယာဝတီခရိုင်မြန်မာ့အာမခံလုပ်ငန်းနှင့် လက်ပံတန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့ပူးပေါင်း၍ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးသည့် မိုးစပါးစိုက်တောင်သူ ၁၃၈ ဦးတို့ကို မြန်မာ့အာမခံလုပ်ငန်း၊ သာယာဝတီခရိုင်ရုံးမှ ခရိုင်တာဝန်ခံ ဒေါ်စန်းစန်းလွင်က ရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာသည့် တောင်သူများအား ရာသီဥတုအညွှန်းကိန်းသီးနှံ အာမခံလုပ်ငန်းများ လက်ခံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သန့်ဇော်(ပြန်/ဆက်)**



**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ပြည်သူတွေဆီ မျက်နှာမူ၍ ဖြတ်သင့်သည့်သံယောဇဉ်ကို ဖြတ်ပေးပါ

စွမ်းပြည့်

**မြန်မာနိုင်ငံတော်ကြီးကို ဖျက်ဆီးလို့အားမရ၊ မပျက်ပျက်အောင် ဖျက်ကြဆဲ၊ မူလက ကောင်းနေတဲ့ပစ္စည်းတစ်ခု အထိမခံ၊ ကျိုးလွယ်၊ ပဲ့လွယ်၊ ရှလွယ်၊ ကွဲလွယ်တဲ့ fragile အနေအထားကနေ ဘာလုပ်လုပ်မအောင်မြင်အောင် ပျက်စီးသည်ထက် ပျက်စီးအောင်လုပ်နေတဲ့ fail state အနေအထား။ ဒီအနေအထားကနေ တိုင်းပြည်ကို အစိတ်စိတ်အမြွှာမြွှာကွဲထွက်ပြီး အလုံးစုံပျက်သုဉ်း ပြိုလဲပြိုကျအောင် (collapse) ဖြစ်အောင် လုပ်လာနေကြပြီ။ အခြေအနေအားလုံးက မြင်သာပါတယ်။**

ယခုလည်း ရွှေဈေး၊ ဒေါ်လာဈေး အဆမတန် တက်အောင်လုပ်။ စားဝတ်နေရေး အထွေထွေ အကျပ်အတည်း ဆိုက်သည်ထက် ဆိုက်အောင်လုပ်။ လူတွေ လမ်းပေါ်ထွက်အောင် လုပ်မယ်။ နောက်ဆုံး နိုင်ငံနဲ့ ပြည်သူတွေဘဝ အလုံးစုံပျက်သုဉ်းအောင် တွန်းပို့။ ဒါက သူတို့သွားချင်တဲ့ ပျက်စီးမယ့်အနေအထား။ အပြင်မှာ တကယ်ဖြစ်နေတဲ့ အနေအထားမှာ ကောလာဟလမျိုးစုံနဲ့ ဈေးကွက်ဖွင့်။ ဈေးတွေဆွဲတင်တာပါမယ်။ ဈေးကွက်က ဈေးအတိုင်း လက်တွေ့မှာလည်း ဖြစ်သွားတယ်။ ကောလာဟလဆိုတာ လူတွေက ယုံကြည်လွယ်တယ်။ ယုံကြည်လွယ်ခြင်းရဲ့ အကျိုးဆက်က shock ဖြစ်မယ်။ ဒါလည်း အဖျက်သမားတွေ လိုချင်တဲ့အနေအထားတစ်ခုပါ။ တိုင်းပြည်ကို မပျက်ပျက်အောင် ဖျက်နေကြတယ်ဆိုတာ ဒါပါပဲ။

### တကယ်တမ်းက တိုင်းပြည်ပျက်ဖို့အထိ လုပ်နေသူတွေကြောင့်

လက်ရှိအခြေအနေအရတော့ ဖျက်သူနဲ့ တည်ဆောက်သူကြား တည်ဆောက်ရေးထက် အဖျက်ဘက်က ပိုအားသန်နေတယ်။ ကြားက ပြည်သူကတော့ မြေစာပင်ဘဝ။ သူတို့ရဲ့ ရင်ဘတ်ထဲ ခံစားချက်မျိုးစုံနဲ့ အကျပ်အတည်း အခက်အခဲမျိုးစုံကို ကြုံနေကြရတယ်။ အခြေခံစားကုန်တွေ ဈေးတက်၊ ငွေကြေးအလုပ်အကိုင် ပိုပြီးကျပ်တည်းလာတယ်။ ပြည်ပကို လူငယ်တွေ ပြောင်းကြရွှေ့ကြ၊ ဘာလုပ်ကြမလဲ၊ ဘာဆက်ဖြစ်မလဲ၊ နိုင်ငံတော်က ဘာလုပ်မလဲ သိချင်နေကြတယ်။

ရွှေဈေး၊ ဒေါ်လာဈေးတက်တာ ပြည်ပအခြေအနေနဲ့လည်း ဆက်စပ်နေတယ်။ သိထားဖို့ပါ။ အမေရိကန်ဘွန်းတွေကို တရုတ်ကရောင်းပြီး ရွှေတွေပြန်ဝယ်တဲ့အခါ ပြည်ပရွှေဈေးတက်တာလည်း ပြည်ပအခြေအနေတစ်ခုရဲ့ လွှမ်းမိုးမှုပါပဲ။ ဒီအခြေအနေကို အခွင့်ကောင်းယူ၊ ပြည်တွင်းက ဒေါ်လာကို ပြည်ပထုတ်၊ ပြည်ပမှာ ကွန်ဒိုတိုက်ခန်းတွေဝယ်ကြစုကြ၊ မီးလောင်ရာလေပင့်၊ ဒီအပေါ်မှာ ထပ်ဆင့်လောင်စာလောင်း၊ ပြည်တွင်းမှာ ဈေးကစား၊ လက်ရှိအစိုးရ အကျပ်အတည်းဖြစ်အောင်လုပ်၊ လူတွေလမ်းပေါ်ထွက် တိုင်းပြည်ပျက်၊ ဦးတည်ချက်က ဒါပါ။

တကယ်တမ်းဆန်းစစ်ရင် မြန်မာနိုင်ငံတော်ကြီးဟာ ဘက်ပေါင်းစုံမှာ အထိအခိုက်များလှတယ်။ ကိုယ့်အကျိုးစီးပွား အခြေခံအပြိုင်အဆိုင်ဖြစ်နေတဲ့ ပြည်ပအင်အားကြီးတွေရဲ့ ဇာတ်ညွှန်းအောက်မှာ

> **❍ သူတို့လိုချင်တာက လုပ်စားကိုင်စားလို့ရမယ့် နယ်မြေမှန်သမျှ လက်နက်အားကိုး တိုးချဲ့မယ်။ ကိုယ့်အကျိုးစီးပွားသက်သက် အခွင့်အလမ်းရှာမယ်၊ မူးယစ်ဆေးဝါးရောင်းမယ်၊ ဝယ်မယ်၊ ဆက်ကြေးကောက်မယ်၊ ကုန်သွယ်မှု တရားဝင်လမ်းကြောင်းတွေပျက်အောင်၊ ကုန်စည်ပြတ်လပ်အောင် လမ်းတံတားတွေဖျက်မယ်၊ မူလကတော့ တပ်မတော်ရဲ့ စစ်ဆင်ရေးပျက်အောင် လမ်းတွေဖျက်တာ၊ တရားဝင်လမ်းကြောင်းပျက်တဲ့အရသာသိသွားတော့ မှောင်ခိုလမ်းကြောင်းမဖြစ်ဖြစ်အောင်ကို ဖျက်ဆီးနေတော့တာ။ တရားမဝင်တဲ့ နည်းပေါင်းစုံနဲ့ ငွေရှာတဲ့ခေတ်ရောက်သွားပြီ။ အမြင်မတူရင် သတ်မယ်၊ ဖြတ်မယ်။ အင်အားကြီးလာရင် လွှမ်းမိုးမယ်၊ မြန်မာစာ မြန်မာစကားမသင်ရ၊ ရှမ်းလူမျိုးတွေဖယ်ပေး၊ ကချင်တွေထွက်ပေး စသည်ဖြင့် ပိုင်ဆိုင်မှုတွေ ဖျက်ဆီးခံရ၊ လက်နက်ကိုင်လမ်းစဉ်နဲ့ အင်အားသည်သာ အခရာ၊ ဘာဒီမိုကရေစီမှမဟုတ်၊ ဘာဖက်ဒရယ်မှမဟုတ်ဘဲ၊ ဘာလူ့အခွင့်အရေး၊ ဘယ်တိုင်းရင်းသားအခွင့်အရေးမှ မဟုတ်ပါဘဲ**

လိုက်မကမိအောင် မနည်းဖောက်ထွက်နေရတယ်။ အင်အားကြီးတွေရဲ့ သပွတ်အူလိုက်နေတဲ့ အရှုပ်အထွေးတွေကြားမှာ ပစ်မှတ်ဘဝရောက်နေရတဲ့ မြန်မာနိုင်ငံနဲ့ မြန်မာနိုင်ငံသားတွေ၊ ပြည်တွင်းနဲ့ ပြည်ပလက်ဝါးချင်းရိုက်၊ ပြည်တွင်းလောက်တွေရဲ့ သစ္စာမဲ့လုပ်ရပ်တွေကြောင့်လည်း မြန်မာပြည်ကြီး ပိုထိခိုက်နေရတယ်။ စိတ်ဝမ်းကွဲလွယ်တဲ့မြန်မာတွေ မစည်းလုံးဘဲ ဝါးအစည်းပြေပြီး လက်နက်နဲ့ သွေးစွန်းကြ၊ နောက်ဆုံး မိမိတို့ပဲ ခားစာခံဖြစ်၊ နောက်ကွယ်က တရားခံလက်မည်းတွေကို မမြင်နိုင်တဲ့ဘဝအထိ မဆင်ခြင် မသုံးသပ်နိုင်ဖြစ်နေကြရတယ်။

### သူတို့ကြောင့် လူ့အခွင့်အရေး ဖက်ဒရယ်နဲ့ဒီမိုကရေစီ ပန်းတိုင်ဝေးနေပြီလား

ဒီအချိန်မှာ တိုင်းရင်းသားအခွင့်အရေးဆိုတာကို ရိုးသားတဲ့တိုင်းရင်းသားတွေ ၊ စစ်မှန်တဲ့ ပြည်သူတွေကလွဲ၍ ပြောသံမကြားရတော့ဘူး။ ဖက်ဒရယ်အရေးဆိုတာ လူကြားကောင်းအောင်တောင် မပြောကြတော့တဲ့ လက်နက်ကိုင်တွေ၊ ဒီမိုကရေစီကကော ငါတို့နဲ့တန်ရဲ့လားဆိုတာ ပြန်ဆန်းစစ်စရာမလို တော့တဲ့အခြေအနေ ရောက်သွားခဲ့ပြီ။ လက်ရှိသွားနေတဲ့ တည်ဆောက်ရေးလမ်းကြောင်းအားလုံး အကြမ်းဖက်တွေက အကုန်ဖျက်ဆီးနေကြတယ်။

သူတို့လိုချင်တာက လုပ်စားကိုင်စားလို့ရမယ့် နယ်မြေမှန်သမျှ လက်နက်အားကိုး တိုးချဲ့မယ်။ ကိုယ့်အကျိုးစီးပွားသက်သက် အခွင့်အလမ်းရှာမယ်၊ မူးယစ်ဆေးဝါးရောင်းမယ်၊ ဝယ်မယ်၊ ဆက်ကြေးကောက်မယ်၊ ကုန်သွယ်မှုတရားဝင်လမ်းကြောင်းတွေပျက်အောင်၊ ကုန်စည်ပြတ်လပ်အောင် လမ်းတံတားတွေဖျက်မယ်၊ မူလကတော့ တပ်မတော်ရဲ့ စစ်ဆင်ရေးပျက်အောင် လမ်းတွေဖျက်တာ၊ တရားဝင်လမ်းကြောင်းပျက်တဲ့အရသာသိသွားတော့ မှောင်ခိုလမ်းကြောင်းမဖြစ်ဖြစ်အောင်ကို ဖျက်ဆီးနေတော့တာ။ တရားမဝင်တဲ့ နည်းပေါင်းစုံနဲ့ ငွေရှာတဲ့ခေတ်ရောက်သွားပြီ။ အမြင်မတူရင် သတ်မယ်၊ ဖြတ်မယ်။ အင်အားကြီးလာရင် လွှမ်းမိုးမယ်၊ မြန်မာစာ မြန်မာစကားမသင်ရ၊ ရှမ်းလူမျိုးတွေဖယ်ပေး ၊ ကချင်တွေထွက်ပေးစသည်ဖြင့် ပိုင်ဆိုင်မှုတွေ ဖျက်ဆီးခံရ၊ လက်နက်ကိုင်လမ်းစဉ်နဲ့ အင်အားသည်သာ အခရာ၊ ဘာဒီမိုကရေစီမှမဟုတ်၊ ဘာဖက်ဒရယ်မှမဟုတ်ဘဲ၊ ဘာလူ့အခွင့်အရေး၊ ဘယ်တိုင်းရင်းသားအခွင့်အရေးမှ မဟုတ်ပါဘဲ။

သူတို့တွေကိုယ်တိုင်လည်း ဒီမိုကရေစီလမ်းကြောင်းကိုသွားဖို့ ဆန္ဒရှိဟန် မတူတော့ပါဘူး။ လက်နက်ကိုင်တဲ့အရသာ၊ ခါးပြတိုက်တဲ့အရသာ၊ ဆက်ကြေးကောက်တဲ့ အရသာ၊ မူးယစ်ဆေးရဲ့ အရသာ၊ မူးယစ်ဆေးသုံးပြီး အချင်းချင်းတောင်မချန် သတ်ရဲဖြတ်ရဲတဲ့အရသာ သူတို့သိသွားကြပြီလေ။ ပြည်သူတွေကိုယ်တိုင်လည်း အပြုနဲ့အဖျက်အပေါ် သိသူတွေ သိလာနေကြပြီ။ သဘောပေါက်တန်ပေါက် လာကြပြီ။ မှားယွင်းတဲ့မျှော်လင့်ချက်နဲ့ false hope တွေကို ငြီးငွေ့လာကြပါပြီ။ ဒီမိုကရေစီဆိုတဲ့အရာမှာလည်း ဒီမိုကရေစီ စိတ်ဓာတ်၊ ဒီမိုကရေစီကျင့်စဉ်မျိုးနဲ့ ပေးဆပ်မှုရှိမှသာ ဒီမိုကရေစီဟာ တန်ဖိုးရှိပါမယ်။

အာဏာနဲ့ ဒီမိုကရေစီကို မကွဲသေးသရွေ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ မရနိုင်ဘူးဆိုတာ လက်တွေ့အကြမ်းဖက်လုပ်ရပ်တွေက ပြနေပါတယ်။ လူတွေအများကြီး သေပြီးမှ၊ ပညာတွေမသင်ရတော့မှ၊ မိမိတို့ပိုင်ဆိုင်မှုတွေနဲ့ မြို့တွေ ရွာတွေ အဖျက်ဆီးခံပြီးမှ၊ နောက်ဆုံးလူတွေရဲ့ စိတ်ဓာတ်တွေ အောက်တန်းနောက်တန်းကျပြီးမှ ရလာမယ့် မတည်ငြိမ်၊ ကြေးကြီးတဲ့ ဒီမိုကရေစီမျိုး တပ်မတော်ကိုပြိုကွဲအောင် ဖြိုဖျက်မယ့် လက်နက်ကိုင် ဒီမိုကရေစီမျိုး ပြည်သူတွေသည် မလိုချင်ကြတော့ပါဘူး။

### ငြိမ်းချမ်းရေးနဲ့ဖွံ့ဖြိုးမှုကို ဟန်ချက်ညီညီ သွားရာကနေ

နိုင်ငံတော်ကတော့ သူ့အစီအစဉ် သူ့လမ်းကြောင်းအတိုင်း သွားလျက်ပါပဲ။ နဂိုကတည်းက ငြိမ်းချမ်းရေးနဲ့တည်ငြိမ်မှုကို ဖွံ့ဖြိုးရေးမူဝါဒ ( Peace and Development) ကို တစ်တန်းတည်းထား တိုင်းပြည်ကို တည်ဆောက်ပြီး သွားနေတာပါ။ အနည်းဆုံးအင်အားနဲ့ ခံစစ်ရှင်အနေအထားနဲ့ ဟန့်ရုံဟန့်ထားတာ အလကားမှမဟုတ်ဘဲ။ တိုင်းပြည်ကို မထိခိုက်ချင်လို့ ပြည်သူကိုမနစ်နာအောင်လို့ တတ်နိုင်သမျှ သည်းခံပြီး လျှောက်လှမ်းနေတာ၊ အဲဒီအတွက်လည်း အများကြီးပေးဆပ်ခဲ့ရတယ်။ ပေးဆပ်နေရဆဲလည်း ဖြစ်တယ်။ ဒီထက်ကြမ်းရင် ဒီထက်ဆုံးရှုံးနိုင်တယ်လို့ပဲ တွက်ခဲ့တယ်။ ပြည်တွင်းပြည်ပ ဖိအားအောက်မှာ အချိန်တိုအတွင်း အလုံးစုံပျက်သုဉ်းမယ့်ဘဝ ရောက်သွားနိုင်တယ်လို့ တွက်ခဲ့တဲ့အတွက် ပျော့ပျောင်းတဲ့လမ်းကြောင်းမှာပဲ အတတ်နိုင်ဆုံးလျှောက်လှမ်းနေပါတယ်။

တိုင်းပြည်မှာ တည်ငြိမ်မှုရှိအောင် ရှိတဲ့ အင်အားနဲ့ ရသမျှလုပ်၊ ငြိမ်းချမ်းရေးကို ထိန်းထား၊ စီးပွားရေးဖွံ့ဖြိုးမှုအပြင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးရာ အားကစားကအစ ဟန်ချက်ညီညီတိုးတက်နေအောင် ဂရုစိုက်တယ်။ တည်ငြိမ်မှုနဲ့ဖွံ့ဖြိုးမှုကို ဟန်ချက်ညီအောင် လုပ်နေတဲ့အနေအထားမှာ ပိုပြီးတည်ငြိမ်အောင် လုပ်ကိုလုပ်ရမယ့်အနေအထားတစ်ခုကို တွန်းပို့နေပြီလား။ ဒါကတော့ EAO stakeholder တွေရဲ့စေတနာပါပဲ။

သူတို့ရဲ့ မိုက်တွင်းနက်နေမှုကိုတော့ သူတို့ကိုယ်တိုင်ရပ်မှာမဟုတ်ဘူးလို့တော့ မြင်မိတယ်။ လမ်းတံတား၊ လျှပ်စစ် စသည့်အခြေခံအဆောက်အအုံတွေ၊ ကျန်းမာရေး၊ ပညာရေး၊ ဘာသာရေး၊ လူမှုရေးအခြေခံတွေ အကုန်မပျက်ပျက်အောင် ဖျက်ကြဦးမှာပါ။ ဒီကြားထဲ စစ်ရာဇဝတ်ဆန်ဆန်လုပ်ရပ်တွေ

> **“နိုင်ငံတော်ကတော့ သူ့အစီအစဉ် သူ့လမ်းကြောင်းအတိုင်း သွားလျက်ပါပဲ။ နဂိုကတည်းက ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်မှုကို ဖွံ့ဖြိုးရေးမူဝါဒ ( Peace and Development) ကို တစ်တန်းတည်းထား တိုင်းပြည်ကို တည်ဆောက်ပြီး သွားနေတာပါ။ အနည်းဆုံးအင်အားနဲ့ ခံစစ်ရှင်အနေအထားနဲ့ ဟန့်ရုံဟန့်ထားတာ အလကားမှမဟုတ်ဘဲ။ တိုင်းပြည်ကို မထိခိုက်ချင်လို့ ပြည်သူကိုမနစ်နာအောင်လို့ တတ်နိုင်သမျှ သည်းခံပြီး လျှောက်လှမ်းနေတာ၊ အဲဒီအတွက်လည်း အများကြီးပေးဆပ်ခဲ့ရတယ်။ ပေးဆပ်နေရဆဲလည်း ဖြစ်တယ်။ ဒီထက်ကြမ်းရင် ဒီထက်ဆုံးရှုံးနိုင်တယ်လို့ပဲ တွက်ခဲ့တယ်။ ပြည်တွင်းပြည်ပ ဖိအားအောက်မှာ အချိန်တိုအတွင်း အလုံးစုံပျက်သုဉ်းမယ့်ဘဝ ရောက်သွားနိုင်တယ်လို့ တွက်ခဲ့တဲ့အတွက် ပျော့ပျောင်းတဲ့ လမ်းကြောင်းမှာပဲ အတတ်နိုင်ဆုံးလျှောက်လှမ်းနေပါတယ်”**

*စာမျက်နှာ ၇ သို့*



# ကျန်းမာရေးကဏ္ဍကို မြှင့်တင်နိုင်ရန် သူနာပြုများ၏ ကျန်းမာရေးပြုစုမှု အရည်အသွေးများသည် ခေတ်နှင့်အညီ တိုးတက်ရန် လိုအပ်

**မော်လမြိုင် ဇွန် ၆**

မွန်ပြည်နယ် သူနာပြုသင်တန်းကျောင်း (မော်လမြိုင်)၏ အမျိုးသားကုတ်အင်္ကျီ/သူနာပြု ဦးဆောင်းအပ်နှင်းပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၅ ရက်က မော်လမြိုင်မြို့ သူနာပြုသင်တန်းကျောင်း (မော်လမြိုင်) သင်တန်းခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုကို ပခုံးပြောင်းတာဝန်ယူမည့် မျိုးဆက်သစ် သူနာပြုမောင်မယ်များအဖြစ် ဦးဆောင်းနှင့် ဝတ်စုံအပ်နှင်းသည့်ပွဲဖြစ်သောကြောင့် ဂုဏ်ယူဝမ်းမြောက်မိကြောင်း၊ ကျန်းမာရေးကဏ္ဍကို မြှင့်တင်နိုင်ရန် ပါဝင်ဆောင်ရွက်နေကြသည့် သူနာပြုများ၏ ကျန်းမာရေးပြုစုမှု အရည်အသွေးများသည် ခေတ်နှင့်အညီ တိုးတက်ရန် လိုအပ်ကြောင်း၊ သူနာပြုသားဖွား ဆရာ ဆရာမများသည် အနစ်နာခံခြင်း၊ သည်းခံခြင်း၊ စေတနာထားခြင်း၊ ကြင်နာသနားခြင်း၊ ကရုဏာထားခြင်းဆိုသည့် အရည်အသွေးများကို ပိုင်ဆိုင်ထားပြီး လူမျိုး၊ ဘာသာ၊ အသားအရောင်၊ အဆင့်အတန်း မခွဲခြားဘဲ ပြုစုမှုပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍ မြင့်မားတိုးတက်အောင် စွမ်းဆောင်နိုင်သော၊ ဘက်စုံထူးချွန်သော၊ ကိုယ်ရည်ကိုယ်သွေးမြင့်မားသော သူနာပြုလောင်းများမှသည် သူနာပြုကောင်းများဖြစ်လာပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ကြပါစေကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်ပြီး သူနာပြုဒီပလိုမာ သင်တန်းသား၊ သင်တန်းသူများကို တာဝန်ရှိသူများက အမျိုးသားကုတ်အင်္ကျီနှင့် သူနာပြုဦးဆောင်း ချီးမြှင့်အပ်နှင်းပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဆုများရရှိကြသော သင်တန်းသား၊ သင်တန်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## အမရပူရမြို့နယ်၌ မြေစိုက်ပိုစတာစိုက်ထူပွဲကျင်းပ

**အမရပူရ ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သန်းခေါင်စာရင်းဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် မြို့နယ်လဝကဦးစီးရုံးမှ ဦးဆောင်၍ အများပြည်သူများ အသွားအလာများရာ၊ လူစည်ကားရာနေရာဖြစ်သည့် မှန်တန်းရပ်ကွက်၊ စစ်ကိုင်း-မန္တလေး ကားလမ်းမပေါ်ရှိ နန်းတော်ရာစံပြဈေး မီးပွိုင့်အနီး၌ ယနေ့နံနက် ၈ နာရီမှစတင်၍ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ယူစို့"ဆောင်ပုဒ်ပါ မြေစိုက်ပိုစတာ ဆိုင်းဘုတ်စိုက်ထူပွဲ အခမ်းအနားကျင်းပသည်။

ယနေ့ကျင်းပသည့် မြေစိုက်ပိုစတာဆိုင်းဘုတ်ကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်း၊ အဖွဲ့ဝင်(၁)ဒုတိယဗိုလ်မှူးကြီးကျော်စွာဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်သာဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွှန့်ဦးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုကိုဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

## ရွှေသွေးဂျာနယ်ထွက်ရှိ




**နေပြည်တော် ဇွန် ၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၈ - ၆ - ၂၀၂၄ ရက် (စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၆)၊ အမှတ်(၂၃)တွင် နေမင်းနှင့် ရေဘုရင်ကြီးတို့၏ မိတ်ဆွေအချင်းချင်း အပြန်အလှန် အလေးထားချစ်ခင်ကြပုံကို ရေးဖွဲ့ထားသည့် "သိပ်ချစ်ကြတဲ့ မိတ်ဆွေနှစ်ဦး" မျက်နှာဖုံးကာတွန်း၊ သမုဒ္ဒရာရေတံခွန်များ ဖြစ်ပေါ်လာပုံအကြောင်းကို ဗဟုသုတရဖွယ် ရေးဖွဲ့ထားသည့် "သမုဒ္ဒရာရေတံခွန်" သုတဆောင်းပါး၊ ကလေးတို့ပေးပို့သော ပန်းချီလက်ရာများကို ထည့်သွင်းဖော်ပြထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ မိမိအပေါ် သူငယ်ချင်းကောင်းပီသသော ကံကောင်းကို ဒုက္ခပေးမိ၍ မိမိကိုယ်တိုင် ဒုက္ခနှင့် ကြုံတွေ့ခဲ့ရသည့် ဆိုးပေအကြောင်းကို ရေးဖွဲ့ထားသော "မိတ်ဆွေကောင်း" နှစ်မျက်နှာကာတွန်း၊ ထိခိုက်ဒဏ်ရာ ပြင်းထန်စွာရ၍ ခြေထောက်ဖြတ်ကာ ခြေတုတပ်ထားရသော်လည်း ဘဝအတွက် ရည်မှန်းချက်ကြီးမားသော နန်းထွေးလေးအကြောင်းကို ရေးဖွဲ့ထားသည့် "စိတ်ဓာတ်ခွန်အားကြီးသူလေး" ဝတ္ထု၊ ဖခင်၏ဆုံးမမှုကြောင့် လုပ်အားတန်ဖိုးကို နားလည်သဘောပေါက်ကာ လက်တွေ့လိုက်နာကျင့်သုံးခဲ့၍ ကောင်းကျိုးများရခဲ့သော သူဌေးသားလေးအကြောင်းကို အတုယူဖွယ် ရေးဖွဲ့ထားသည့် "အလုပ်ကြိုးစားတဲ့ သူဌေးသား" ပုံပြင်၊ ရွှေသွေးဂျာနယ် အထူးထုတ်(၂၀၂၄)တွင် ပါဝင်သော "ကလေးတို့အတွက် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ"အတွက် ကလေးများပါဝင်ယှဉ်ပြိုင်နိုင်ရန် နှိုးဆော်သည့်ကဏ္ဍ၊ သူငယ်ချင်းဖြစ်သူအပေါ် စိတ်ကောင်းစေတနာထား၍ မန်ကျည်းပင်သူဌေး ဖြစ်သွားသော ကိုကြာအေးအကြောင်းကို ရေးဖွဲ့ထားသည့် "အမေပြောသော ပုံပြင်များ" နှစ်မျက်နှာကာတွန်း၊ မိခင်၏ စကားကို နားမထောင်ဘဲ ခွေးကို ခဲနှင့်ပစ်ရာမှ ခွေးလိုက်၍ ထွက်ပြေးခဲ့ရသော ဖြိုးရဲ့အကြောင်းကို ရေးဖွဲ့ထားသည့် "ဖြိုးရဲ့နှင့် တန်ပြန်အန္တရာယ်" နှစ်မျက်နှာကာတွန်း၊ စာမှန်မှန်မရေး၍ စိတ်ဆိုးနေသည့် အစ်ကိုဖြစ်သူကို ကျိုးကြောင်းဆီလျော်စွာ ရှင်းပြရန် တိုက်တွန်းပြောဆိုပုံကို ရေးဖွဲ့ထားသည့် "Useful Everyday Idioms" အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှရှောင်ရှားပါ**

*စာမျက်နှာ ၆ မှ*

လုပ်လာတဲ့ EAO အစွန်းရောက်တွေကြောင့် ပြည်ပပယောဂနဲ့ စွက်ဖက်မှုအန္တရာယ်ကိုလည်း သတိထားလာနေရတယ်။ ကိုယ့်ကိုနဖားကြိုးထိုးတဲ့ ပြည်ပဩဇာအကြိုက်လိုက် လူမျိုးတုံးခေါင်းစဉ်တပ်ပြီး အဖျက်သမားအချင်းချင်း ဓာတ်တူသားစားနောက်ကျောဓားနဲ့ထိုးတဲ့ လုပ်ရပ်တွေကိုလည်း မြင်အောင်ကြည့်စေချင်တယ်။

ဘာပဲဖြစ်ဖြစ် နောက်ဆုံးမှာ ပြည်သူသည်သာ အဓိက၊ ပြည်သူဆီသာ မျက်နှာမူရမှာပါ။ ပြည်သူတွေကတော့ သူတို့ရဲ့ခါးစည်းခံဘဝကနေ သက်သာချင်နေကြပါပြီ။ ငါတို့ရဲ့အေးချမ်းမှုကို အပျက်အစီးတွေနဲ့ မလဲချင်ကြတော့ပါဘူး။ ယခုအချိန်မှာပြည်သူတွေ လိုချင်တာက တည်ငြိမ်မှုတစ်ခုနဲ့ အေးချမ်းသာယာမှု၊ လုပ်စားကိုင်စားကောင်းပြီး စားဝတ်နေရေးချောင်လည်ချင်တာ ပညာသင်ချင်တာပါပဲ။ ဒါကြောင့် ဖြတ်သင့်တာ အပြတ်ဖြတ်ရမယ်လို့ သဘောပေါက်လာကြတဲ့ ပြည်သူတွေလည်း များလာပါပြီ။ တော်လှန်ရေးနောက် တရွတ်ဆွဲလိုက်ပါနေတဲ့ တချို့သောပြည်သူတွေ သူများယောင်တိုင်း လိုက်မယောင်သင့်တော့ပါ။ အများစုလူငယ်တွေကိုယ်တိုင်လည်း မိမိတို့တစ်ချိန်မှာ အထင်ကြီးခဲ့တဲ့ တော်လှန်ရေးခေါင်းဆောင်တွေ တော်လှန်ရေးမိခင်၊ ဖခင်ဆိုသူတွေအပေါ် ဥပါဒါန်အစွဲတွေကို ဖြတ်ထားပေးပါ။ သူတို့တွေအတွက်မပူပါနဲ့။ သင်တို့ရဲ့ခေါင်းဆောင်ဆိုသူတွေဟာ မိမိတို့နေထိုင်ရာ အခြားကမ္ဘာခြမ်းမှာ ကြီးပွားတိုးတက်နေကြပါပြီ။ သူတို့သားသမီးတွေကို ကျောင်းကောင်းကောင်းမှာထား ပညာသင်ပေးနေကြပြီ။ ကောင်းကောင်းနေ ၊ ကောင်းကောင်းစား အဆီယစ် ဝအီနေကြပြီဖြစ်ပါတယ်။

ဖြတ်ဆိုတဲ့နေရာမှာလည်း လူတွေကိုဘယ်လိုမှ ကောင်းကျိုးမပေး၊ EAO အတွက်သာ အသက်ဆက်ပေးနေတဲ့ မူးယစ်ကုန်သွယ်လမ်းကြောင်းတွေကို အဓိကဖြတ်ရပါမယ်။ အဖျက်လုပ်ရပ်နဲ့ ဘယ်လိုမှ လက်တွဲလို့မရနိုင်တဲ့ ဖြတ်သင့်တဲ့ သံယောဇဉ်ကျောထောက်နောက်ခံမှန်သမျှ အမြစ်ပြတ်အောင် ဖြတ်သင့်ပါတယ်။ လူယုတ်မာတွေရဲ့ အဖျက်စွမ်းအား ယခုထက်ပိုမကြီးလာအောင်၊ လူ့စွမ်းအားအရင်းအမြစ်တွေ ပိုပြီးမဆုံးရှုံးရအောင်လို့ပါ။

**❖ ဖြတ်ဆိုတဲ့နေရာမှာလည်း လူတွေကိုဘယ်လိုမှ ကောင်းကျိုးမပေး၊ EAO အတွက်သာ အသက်ဆက်ပေးနေတဲ့ မူးယစ်ကုန်သွယ်လမ်းကြောင်းတွေကို အဓိကဖြတ်ရပါမယ်။ အဖျက်လုပ်ရပ်နဲ့ ဘယ်လိုမှ လက်တွဲလို့မရနိုင်တဲ့ ဖြတ်သင့်တဲ့သံယောဇဉ်ကျောထောက်နောက်ခံမှန်သမျှ အမြစ်ပြတ်အောင် ဖြတ်သင့် ပါတယ်။ လူယုတ်မာတွေရဲ့ အဖျက်စွမ်းအား ယခုထက် ပိုမကြီးလာအောင်၊ လူ့စွမ်းအားအရင်းအမြစ်တွေ ပိုပြီးမဆုံးရှုံးရအောင်လို့ပါ**

မဟုတ်ရင်တော့ ပြည်ပအင်အားစုတွေနဲ့ တချို့ပြည်တွင်းအဖျက်သမားတွေအကြိုက် သူတို့ရည်မှန်းနေတဲ့ အလုံးစုံပျက်သုဉ်းရေးလမ်းကြောင်းသာ ဖြစ်ပေါ်လာနိုင်ပါတယ်။ ဒီလိုလမ်းကြောင်းမျိုးဖြစ်ပေါ်မလာနိုင်အောင် ကာကွယ်တိုက်ဖျက်နိုင်မယ့် စွမ်းအားမျိုး၊ တောက်နေတဲ့မီးတောက်ကြီးကို ငြိမ်းသတ်နိုင်မယ့်စွမ်းအား၊ အက်ကြောင်းတွေကို ပြန်ဖာထေးနိုင်မယ့်စွမ်းအား၊ ဒီလိုစွမ်းအားမျိုးကတော့ ရိုးသားစစ်မှန်တဲ့ ပြည်သူနဲ့အတူ တပ်မတော်ရဲ့လက်ထဲမှာပဲရှိပါမယ်၊ တိုင်းပြည်ချစ်တဲ့ ပါတီအဖွဲ့အစည်းတွေရဲ့ လက်ထဲမှာသာလျှင် ရှိနေမှာဖြစ်ပါတော့တယ်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရှမ်းပြည်နယ် ဟိုပုံးမြို့ မူလတန်းကြိုကျောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးစင်တာနှင့် ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံများ သွားရောက်စစ်ဆေး

**တောင်ကြီး ဇွန် ၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌဦးခွန်ရဲထွေး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့သို့ရောက်ရှိပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန အသိပညာပေးစင်တာနှင့် ကယ်ဆယ်ရေးပစ္စည်း သိုလှောင်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ်ပြည်ထောင်စုဝန်ကြီးက စင်တာအတွင်းအပြင် သန့်ရှင်း သပ်ရပ်စေရေးနှင့် မီးဘေးလုံခြုံရေး အမြဲမပြတ်ဆောင်ရွက်ကြရန်၊ ဝင်းခြံအတွင်း အရိပ်ရအပင်နှင့် ရာသီအလိုက် အလှပင်၊ သီးပင်၊ စားပင်များ စိုက်ပျိုးထားရှိရန်နှင့် ထောက်ပံ့မှုလုပ်ငန်းများကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိရောက်မြန်ဆန်စွာဖြင့် ပြည်သူများသို့ ဝန်ဆောင်မှုပေးရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဟိုပုံးမြို့ရှိ



ကန်သာယာမူလတန်းကြိုကျောင်းသို့ သွားရောက်ပြီး ကလေးငယ်များအား သင်ကြားပြုစု စောင့်ရှောက်နေမှုနှင့် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းထားရှိမှု အခြေအနေများကို ကြည့်ရှုကာ **(အပေါ်ပုံ)** ကလေးငယ်များအား ပဲနို့နှင့် အာဟာရမုန့်များ ပေးဝေသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မူကြိုဆရာမများနှင့် တွေ့ဆုံရာပြီး နိုင်ငံတော်၏ အနာဂတ်ဖြစ်သော ရင်သွေးငယ်များကို ဝန်ကြီးဌာနက သတ်မှတ်ပေးထားသော သင်ရိုးများ၊ သင်ကြားနည်းစနစ်များဖြင့် စနစ်တကျ ပြုစု စောင့်ရှောက်ပေးကြရန်၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ အလေ့အကျင့် ကောင်းများကို ငယ်စဉ်ကပင် စွဲမြဲစေရေး မပြတ်လေ့ကျင့် သင်ကြားပေးကြရန် တို့ကို မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ဦးဆောင်သောအဖွဲ့ CIRDAP အဖွဲ့၏ (၂၄) ကြိမ်မြောက် အုပ်ချုပ်မှုကောင်စီအစည်းအဝေးတက်ရောက်ရန် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ထွက်ခွာ

**နေပြည်တော် ဇွန် ၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံက သဘာပတိအဖြစ် ကြီးမှူးကျင်းပသည့် CIRDAP အဖွဲ့၏ (၂၄)ကြိမ်မြောက် အုပ်ချုပ်မှုကောင်စီအစည်းအဝေးသို့ တက်ရောက်ရန် ယမန်နေ့ ညနေ ၄ နာရီ ၂၅ မိနစ်က ရန်ကုန်မြို့မှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းဖြင့် ထွက်ခွာသွားသည်။



ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (Centre on Integrated Rural Development for Asia and the Pacific – CIRDAP) အား အဖွဲ့ဝင်နိုင်ငံအလိုက် ဆောင်ရွက်နေသော ကျေးလက်ဒေသ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူများ၏ ပူးပေါင်းမှုဖြင့် ဆောင်ရွက်ရာတွင် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းအဖြစ် ပါဝင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ အာရှနှင့် ပစိဖိတ်ဒေသအတွင်းရှိ အဖွဲ့ဝင်နိုင်ငံ (၁၅) နိုင်ငံဖြင့် ဖွဲ့စည်းထားရှိသည်။

CIRDAP အဖွဲ့အစည်းမှ အုပ်ချုပ်မှုကောင်စီအစည်းအဝေး (Governing Council Meeting) နှင့် အမှုဆောင်ကော်မတီအစည်းအဝေး (Executive Committee Meeting) အား (၂) နှစ်လျှင် တစ်ကြိမ် အဖွဲ့ဝင်နိုင်ငံများ၌ အလှည့်ကျကျင်းပပြုလုပ်လျက်ရှိရာ (၃၄) ကြိမ်မြောက် အမှုဆောင်ကော်မတီအစည်းအဝေး (34th Executive Committee Meeting) ကို ၂၀၂၄ ခုနှစ် ဇွန် ၄ ရက်မှ ၅ ရက်အထိ လည်းကောင်း၊ (၂၄) ကြိမ်မြောက် အုပ်ချုပ်မှုကောင်စီအစည်းအဝေး (24th Governing Council Meeting) ကို ဇွန် ၆ ရက်တွင် လည်းကောင်း ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး အစည်းအဝေးသို့ CIRDAP အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်၍ အဖွဲ့ဝင်နိုင်ငံများ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းဆောင်ရွက်ချက်များကို မျှဝေဖလှယ်ကာ CIRDAP အဖွဲ့၏ ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သထုံမြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**သထုံ ဇွန် ၆**

မွန်ပြည်နယ် သထုံမြို့နယ် ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အဖြစ် မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးကျင်းပသည့် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က လိပ်အင်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှေ့၌ ကျင်းပသည်။

မြို့နယ်သစ်တောဦးစီးဌာနမှ ပျိုးထောင်ထားရှိသည့် ပိတောက်၊ မန်ကျည်းရှား၊ စိန်ပန်း၊ ငုရွှေဝါ၊ ကံ့ကော်နှင့် မဟော်ဂနီပျိုးပင် စုစုပေါင်း ၅၀၀ ကို ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ကျောင်းသားကျောင်းသူများ၊ ပြည်သူများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးအသင်းအဖွဲ့များ၊ လူမှုကူညီရေးအဖွဲ့များက စိုက်ပျိုးပေးသည်။



ဦးစွာ မြို့နယ်သစ်တောဦးစီးဌာနမှဦးစီးအရာရှိဦးစိုးမင်းအောင်က စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းပြောကြားပြီး သထုံတပ်နယ်မှူး ဗိုလ်မှူးကြီး အောင်အောင်ဟိန်း၊ သထုံခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းစိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း၊ ခရိုင်နှင့်မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်တို့က ဌာနဆိုင်ရာများ၊ ပြည်သူများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးအသင်းအဖွဲ့များ၊ လူမှုကူညီရေးအဖွဲ့များထံ စိုက်ပျိုးမည့် ပျိုးပင်များပေးအပ်ပြီး ပျိုးပင်များကို သတ်မှတ်ထားသည့် စိုက်ပျိုးမြေနေရာများတွင် တပျော်တပါး စိုက်ပျိုးကြပြီး တာဝန်ရှိသူများက ပျိုးပင်များ စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခွန် (ဝင်းပ)**

# ပြင်ဦးလွင်၌ နွေရာသီအဆင့်မြင့် အားကစားသင်တန်းဆင်းပွဲကျင်းပ

**ပြင်ဦးလွင် ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် လူငယ်ရေးရာကော်မတီ၏ ဦးဆောင်မှုဖြင့် ပြင်ဦးလွင်ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် တိုက်ကွမ်ဒို အားကစားဆပ်ကော်မတီတို့ ပူးပေါင်း၍ ၂၀၂၄ ခုနှစ် နွေရာသီအဆင့်မြင့် အားကစားသင်တန်း ဆင်းပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၃ နာရီက ပြင်ဦးလွင်ခရိုင် အားကစားကွင်းခန်းမ(၂)၌ ကျင်းပသည်။

ရှေးဦးစွာ ၂၀၂၄ ခုနှစ် နွေရာသီအဆင့်မြင့် တိုက်ကွမ်ဒို အားကစားသင်တန်းမှ သင်တန်းသား သင်တန်းသူများက သင်တန်းဆင်း တိုက်ကွမ်ဒိုအားကစား သရုပ်ပြခြင်းများကို ဆောင်ရွက်သည်။

ထို့နောက် သင်တန်းတွင် တစ်နှစ်တာအကောင်းဆုံး ထူးချွန်ဆုရရှိသည့် အားကစားသမားများအား ပြင်ဦးလွင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးသန့်



ဇော်ဦးကလည်းကောင်း၊ အသက်အရွယ်အတန်းအလိုက် အကောင်းဆုံး ထူးချွန်ဆုရရှိခဲ့သည့် သင်တန်းသား သင်တန်းသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်အားကစားမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်နိုင်ထူးနှင့် တာဝန်ရှိသူများကလည်းကောင်း ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ သင်တန်းဆင်းလက်မှတ်များအား ရွှေခြင်းလုံး Shwe Chin Lone Founder မှ သင်တန်းသား သင်တန်းသူများထံသို့ ပေးအပ်သည်။

အဆိုပါ ၂၀၂၄ ခုနှစ် နွေရာသီ အဆင့်မြင့် အားကစားသင်တန်းကို ပြင်ဦးလွင်ခရိုင် အားကစားကွင်းတွင် (၂၁.၄.၂၀၂၄)မှ (၃၁.၅.၂၀၂၄) အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းတွင် သင်တန်းသား ၆၂ ဦး၊ သင်တန်းသူ ၄၀ စုစုပေါင်း ၁၀၂ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**သွေးသွေး**
**ခရိုင် (ပြန်/ဆက်)**

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးရဲမိုး ဦးစီးသည့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့ ပျဉ်းမနားမြို့နယ်အတွင်းရှိ တောင်ပေါ်ဒေသကျေးရွာအုပ်စုများ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇွန် ၆**

နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးရဲမိုး ဦးစီး၍ ဌာနဆိုင်ရာများပါဝင်သောအဖွဲ့သည် တောင်ပေါ်ဒေသများတွင် နေထိုင်ကြသည့် ပြည်သူများ ဒေသလူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတက်စေရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ရန် ယနေ့တွင် နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ ဝေသာလီကျေးရွာသို့ ရောက်ရှိကြသည်။



ဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ဝေသာလီကျေးရွာ ရွှေဘုံသာကျောင်းတိုက် ဆရာတော် ဆရာတော်ဘဒ္ဒန္တကုမာရထံ ဆန်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆပ်ကပ်လှူဒါန်းကြသည်။

**ဒေသခံများနှင့်တွေ့ဆုံ**

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ဝေသာလီကျေးရွာရှိ ရွှေဘုံသာကျောင်းတိုက်၌ သစ်တွန်၊ ပြည်ထောင်ကိုး၊ ဘန့်ဘား၊ ဘို့မ၊ အလယ်ချောင်းနှင့် ကိုးတစ်ကျေးရွာအုပ်စုများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာခွဲတာဝန်ခံများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်များ၊ ဆရာဆရာများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူလူထုတို့နှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နေပြည်တော်ကောင်စီအဖွဲ့ဝင်က မြို့ပြနှင့် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်မှု ကွာဟမှုမရှိစေရေးအတွက် ယခုကဲ့သို့ကွင်းဆင်း၍ လာရောက်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးရရှိမှသာ ဒေသဖွံ့ဖြိုးရေးဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်း လုံခြုံရေးသည် အရေးကြီးသည့်အတွက် အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထု တစ်သားတည်းရှိရန်နှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ယခုဒေသတွင် သီးနှံများစိုက်ပျိုးလျက်ရှိသည်ကို တွေ့ရကြောင်း၊ ဒေသနှင့် ကိုက်ညီသည့် နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးစေလိုပြီး နှစ်ရှည်သီးနှံပင်များ၊ ဒေသနှင့် ကိုက်ညီသည့် ကော်ဖီပင်များစိုက်ပျိုးပါက အောင်မြင်ဖြစ်ထွန်းနိုင်သဖြင့် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် တောင်ပေါ်ဒေသကျေးရွာအုပ်စု ခုနစ်အုပ်စုအတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများနှင့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်များနှင့် ဆရာဆရာမများကို စားသောက်ကုန်များ၊ လူသုံးကုန် ပစ္စည်းများ၊ ဆေးစိမ်ခြင်ထောင်များ၊ First Aid Kid ဆေးအိတ်များနှင့် ဆေးဝါးများ၊ မျိုးစေ့များ၊ ကလေးကစားစရာပစ္စည်းများ၊ ကျောင်းသုံးစာရေးကိရိယာများနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ တောင်ပေါ်ဒေသကျေးရွာအုပ်စု (၇) အုပ်စုအတွင်းရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးစေလိုသည့် ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးတို့အတွက် တင်ပြကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် လုပ်ငန်းအစီအမံများကို ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး ဒေသခံတိုင်းရင်းသားပြည်သူလူထုကိုယ်စား ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ နေပြည်တော်ကောင်စီဝင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**ကျန်းမာရေးစောင့်ရှောက်မှုပေး**

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် ဝေသာလီကျေးရွာ ရွှေဘုံသာကျောင်း၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများနှင့် ကလေးငယ်များကို တိုးချဲ့ကာကွယ်ဆေး၊ သားအိမ်ခေါင်းကာကွယ်ဆေး၊ ကိုဗစ်ကာကွယ်ဆေး ထိုးနှံပေးနေမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် အခြေအနေတို့ကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ပန်းခင်းစီမံချက် အဆင့်(၃) ဖြင့် ဆောင်ရွက်ပေးသည့် မွေးစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးနေမှုတို့ကို လည်းကောင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျေးရွာအတွင်းရှိ ဒေသခံပြည်သူများ၏ တိရစ္ဆာန်များကို ကာကွယ်ဆေးထိုးနှံပေးနေမှုကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးတရားလွှတ်တော် တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့်သင်တန်းဖွင့်

**ရန်ကုန် ဇွန် ၆**

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့်သင်တန်း အမှတ်စဉ် (၁/၂၀၂၄)ကို ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် အစည်းအဝေးခန်းမ (အပေါ်ထပ်)၌ ဇွန် ၃ ရက်က ဖွင့်လှစ်သည်။ သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်နှင့် တရားလွှတ်တော်တရားသူကြီးများ၊ ခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်(ပြန်/ဆက်)**

❍ *ကျော့ဖုံးမှ*

54.0–60.0kg အတိုက်ပြိုင်ပွဲတွင် မောင်ဝေယံကျော်က ငွေတစ်ခု၊ (အမျိုးသမီး) 45.0 – 50.9 kg ပြိုင်ပွဲတွင် မယွန်းပန်းသဇင်အောင်၊ (အမျိုးသား) တစ်ကိုယ်တော် လက်သိုင်း အပြပြိုင်ပွဲတွင် မောင်နိုင်အောင်ရွှေ၊ (အမျိုးသမီး နှစ်ယောက်တွဲ) ဓားအတိုက်အပြ ပြိုင်ပွဲတွင် မဇင်လဲ့ဖြူနှင့် ကြယ်စင်လွင်တို့အတွဲ၊ (အမျိုးသား လေးယောက်တွဲ) လက်နက်မဲ့အပြပြိုင်ပွဲတွင် မင်းခန့်နိုင်၊ နိုင်အောင်ရွှေ၊ ပြည့်စုံအောင်နှင့် ကျော်ဇောရှင်တို့အတွဲက ကြေးတစ်ခုစီရရှိခဲ့ပြီး စုစုပေါင်း ဆုတံဆိပ်ခုနစ်ခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ **အာကာစိုး**

❑ *ကျော့ဖုံးမှ*

ပါအိုလီနီသည် ပြင်သစ်အိုးပင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ရုရှားတင်းနစ်မယ် မီရာအန်ဒရက်စကူနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရုရှားတင်းနစ်မယ် မီရာအန်ဒရက်စကူသည် အဆိုပါပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ဘီလာရုစ်တင်းနစ်မယ် စဘယ်လင်ကာကို ၆–၇ (၅–၇)၊ ၆–၄၊ ၆–၄ ဖြင့် နိုင်ပွဲရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

ပြင်သစ်အိုးပင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ပါအိုလီနီအပြင် နာမည်ကြီး ပိုလန်တင်းနစ်မယ် ဆွီယာတက်ခ်နှင့် အမေရိကန်တင်းနစ်မယ် ကိုကိုဂေါ့ဖ်တို့လည်း တက်လှမ်းနိုင်ခဲ့သည်။

**အောင်ဇော်**

## ညောင်ဦးမြို့နယ်အတွင်း MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

**ညောင်ဦး ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းများ စနစ်တကျရှိစေရေး၊ ပြည်တွင်းရောင်းကုန်များမှသည် ပြည်ပရောင်းကုန်များအဖြစ် ထိုးဖောက်ရောင်းချနိုင်ရေးအတွက် ပူးပေါင်းအဖွဲ့များဖြင့် ကွင်းဆင်းဆောင်ရွက်ခြင်းကို ဇွန် ၆ ရက်က မြင်းပျံပုံးရည်ကြီးလုပ်ငန်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။



မြင်းပျံပုံးရည်ကြီးလုပ်ငန်းတွင် ထုပ်ပိုးမှုစနစ်တကျရှိစေရေး၊ သန့်ရှင်းသပ်ရပ်ရေး၊ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးပြီးနောက် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြခြင်းကို ပူးပေါင်းအဖွဲ့များဖြစ်သော ညောင်ဦးခရိုင် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှူး ဒေါ်စိုးစိုးအေး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာထွန်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ငွေအောင်၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှူး ဦးသန်းစိုးနှင့် ခရိုင်/မြို့နယ် မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်သည်။ **ဒီပါလင်း**

## မြန်မာနိုင်ငံတွင် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုပါက မွေးမြူရေးငါးခူ မွေးမြူခြင်းဖြင့် ဝင်ငွေတိုးလာစေနိုင်

**ရန်ကုန် ဇွန် ၆**

ယခုကာလ၌ မြန်မာနိုင်ငံတွင် တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုပါက မွေးမြူရေးငါးခူမွေးမြူခြင်းဖြင့် ဝင်ငွေတိုးလာစေနိုင်ကြောင်း ငါးသားပေါက်မွေးမြူရေးလုပ်ငန်းအသိုင်းအဝိုင်းမှ သိရသည်။

ယင်းကဲ့သို့ မွေးမြူရေးငါးခူကို တစ်ပိုင်တစ်နိုင်မွေးမြူနိုင်သကဲ့သို့ စားဖားနှင့် ငါးပြေမတို့ကိုလည်း တစ်ပိုင်တစ်နိုင် မွေးမြူနိုင်ကြပြီး ယင်းသုံးမျိုးမှာ ကာလတိုသဖြင့် သုံးလအတွင်း ရောင်းတမ်းဝင်နိုင်ကာ ဝင်ငွေတိုးစေနိုင်သည်။

"တစ်ပိုင်တစ်နိုင်မွေးမြူချင်တဲ့ ဆန္ဒရှိရင်ပေါ့။ တချို့ကတော့ တာလပတ်တွေနဲ့ မွေးကြတာရှိတယ်။ အဲဒါကျ ငါးမြစ်ချင်း၊ ငါးမုန့်က မွေးလို့မရဘူး။ မွေးလို့ရတာက ဖားနဲ့မွေးမြူရေး ငါးခူ၊ ငါးပြေမ မွေးလို့ရတယ်။ တခြားကေလိုက်မွေးမယ်ဆိုရင်တော့ ငါးမြစ်ချင်း၊ ငါးမုန့်၊ ရွှေဝါ၊ငါးခေါင်းပွကတော့ ပုံမှန်မွေးကြတာပေါ့။ တစ်ပိုင်တစ်နိုင်ကတော့ ဖားနဲ့ မွေးမြူရေးငါးခူပေါ့။ နောက်ငါးပြေမက အုတ်ကန်နဲ့ မွေးလို့ရတယ်။ ချောင်ချောင်လေးလည်း ဖြစ်ရမယ်ပေါ့။ စားဖား၊ ငါးခူ၊ ငါးပြေမ အဲဒီသုံးမျိုးက နှစ်လ၊ သုံးလဆို ဆိုက်ကြီးအနေနဲ့ ထုတ်လို့ရပြီ။ ဒါကို တစ်ပိုင်တစ်နိုင်မွေးမြူနိုင်ကြမယ်ဆိုရင် ကာလလည်းတို၊ ဈေးကွက်လည်းဝင်၊ ဝင်ငွေလည်းတိုးစေနိုင်တယ်၊ ကိုယ့်ငါးအကောင်ရေနဲ့ ကိုယ့်အစာကိုလည်း ကျွေးတတ်ဖို့လိုတာပေါ့" ဟု ခရမ်းမြို့နယ်ရှိ ကေတစ်ရာကျော် ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် ကိုဇော်မိုး ငါးသားပေါက်ရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူက ပြောသည်။

လက်ရှိအချိန်သည် ငါးသားပေါက်ရာသီဖြစ်ပြီး ၂၀၂၃ – ၂၀၂၄ ဘဏ္ဍာနှစ်အတွက် ငါးသားပေါက်ရာသီကို ဧပြီ၊ မေ နှင့် ဇွန်လအထိ သတ်မှတ်ဆောင်ရွက်ခဲ့ကာ ဇူလိုင်လမှ စတင်ပြီး ငါးဖမ်းရာသီအဖြစ် သတ်မှတ်ထားသည်။

ပြီးခဲ့သည့်နှစ်များအတွင်းက မြန်မာ့ပင်လယ်ပြင်အတွင်း ငါးမဖမ်းရကာလ Closed Season အား ငါးဖမ်းလှေအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး နှစ်လမှ သုံးလအထိ ပိတ်သိမ်းခဲ့ကြောင်းနှင့် ငါးသားပေါက်ရာသီ (သို့မဟုတ်) ငါးမဖမ်းရကာလအား ဧပြီ၊ မေ၊ ဇွန်လများအဖြစ်သတ်မှတ်ထားပြီး တစ်နှစ်လျှင် ရှေ့တစ်လစီတိုးကာ သတ်မှတ်သွားမည့် အစီအစဉ်အတိုင်း ဆောင်ရွက်နေကြောင်း သိရသည်။

**Thit Taw**

# လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်မြင့်မားမှုနှင့် စိုက်ပျိုးရေးအပေါ် အကျိုးသက်ရောက်မှု

*လှူငယ်စိုက်ဦးစီး*

လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့သည် အစိမ်းရောင်ရှိသော အပင်များအတွက် အစားအစာချက်လုပ်ရန် မရှိမဖြစ်လိုအပ်သော ဓာတ်ငွေ့ဖြစ်ပါသည်။ လေထုထဲတွင်ရှိသော ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏသည် တစ်နှစ်လျှင် ၂ ဒသမ ၅ သန်းခိုင်နှုန်း (parts per million –ppm) နီးပါး တိုးလျက်ရှိပြီး ၂၀၂၄ ခုနှစ် မေလတွင် ၄၂၂ ppm ခန့် ရောက်ရှိနေသည်ဟု အမေရိကန်နိုင်ငံ ဝါရှင်တန်အခြေစိုက် အမျိုးသားပင်လယ် သမုဒ္ဒရာနှင့် လေထုစီမံခန့်ခွဲရေးဌာန (National Oceanic Atmospheric Administration–NOAA) ၏ စူးစမ်းလေ့လာချက်အရ သိရှိရပါသည်။

အစိမ်းရောင်ရှိသော အပင်များသည် နေရောင်ခြည်ဖြင့် အစာချက်လုပ်ခြင်းလုပ်ငန်းစဉ်များအတွက် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို လေထုထဲမှ စုပ်ယူပါသည်။ အပင်များ အစာချက်လုပ်ရာတွင် နေရောင်ခြည်၏ အလင်းစွမ်းအင်နှင့် လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တို့ကို အသုံးပြုပြီး မြေဆီလွှာအတွင်းမှ ရေနှင့်သတ္တုဓာတ်များပေါင်းစပ်၍ အပင်အတွက်လိုအပ်သော အစာအာဟာရဓာတ်များထုတ်လုပ်ကာ သက်ရှိသတ္တဝါများအတွက် လိုအပ်သော အောက်ဆီဂျင်ကို ထုတ်လုပ်ပေးပါသည်။ ဤသို့ ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏ မြင့်တက်မှုကြောင့် သီးနှံပင်များ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတွင် ကောင်းကျိုးနှင့် ဆိုးကျိုးများဒွန်တွဲ၍ ဖြစ်ပေါ်လာပါသည်။ ထိုသို့ဖြစ်ပေါ်လာရာတွင် စားနပ်ရိက္ခာ စိုက်ပျိုးထုတ်လုပ်မှုအတွက် အထောက်အကူပြုစေမည့် ကောင်းကျိုးများကို ရှင်းလင်းဆွေးနွေးပါမည်။

**ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏ မြင့်တက်မှု၏ ကောင်းကျိုးများ**

အစာချက်လုပ်ခြင်းဖြစ်စဉ်တွင် ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏမြင့်တက်လာမှုသည် အစာချက် လုပ်ခြင်းဖြစ်စဉ်ကိုအားပေး၍ အပင်ကလိုအပ်သော စွမ်းအင်နှင့်ကြီးထွားမှုအတွက် ကာဘိုဟိုက်ဒရိတ်ကဲ့သို့ အာဟာရဓာတ်များကို များစွာထုတ်ပေးသောကြောင့် အပင်၏ ရှင်သန်ကြီးထွားမှုကို တိုးမြှင့်စေပြီး သီးနှံအထွက်နှုန်းကို မြင့်မားစေပါသည်။ အထူးသဖြင့် ကာဗွန်မော်လီကျူးသုံးခုဖြင့် အခြေခံ၍အစာချက်လုပ်ရသော စပါး၊ ဂျုံနှင့် ပဲပုပ်သီးနှံများကဲ့သို့ C3 သီးနှံပင်များတွင် ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏမြင့်မားလာမှုကြောင့် အထွက်နှုန်း မြင့်မားလာကြောင်းကို အပြည်ပြည်ဆိုင်ရာ သုတေသနဌာနများက လေ့လာတွေ့ရှိထားပါသည်။ သို့ရာတွင် ကာဗွန်မော်လီကျူးလေးခုဖြင့် အခြေခံ၍ အစာချက်လုပ်ရသော ပြောင်း၊ ကြံနှင့် နှံစားပြောင်းစသည့် C4 သီးနှံများတွင် ကာဗွန်ဒိုင်အောက်ဆိုက်မြင့်တက်မှုကြောင့် အထွက်နှုန်းအပေါ် အကျိုးသက်ရောက်မှု အနည်းငယ်သာရှိပါသည်။

လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက်မြင့်တက်မှုကြောင့် အပင်များ၏ အစာချက်လုပ်ခြင်းလုပ်ငန်းစဉ် အားကောင်းလာကာ အပင်ကြီးထွားဖွံ့ဖြိုးမှုကို များစွာအထောက်အကူပြုစေသည့်အပြင် အပင်၏ ရေသုံးစွဲမှုစွမ်းအား တွင်ကျယ်လာစေခြင်းစသည့် ကောင်းကျိုးများကိုလည်း ရရှိစေနိုင်ပါသည်။ သို့ရာတွင် ဤဖြစ်စဉ်မှ သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် အကျိုးကျေးဇူးများရှိသကဲ့သို့ အပင်မှ ချက်လုပ်ရသော ပရိုတင်း(အသားဓာတ်)၊ သံဓာတ်နှင့် သွပ်ဓာတ်စသည့် သတ္တုဓာတ်များပါဝင်မှု လျော့ကျသွားစေကာ စားသုံးသူလူသားများနှင့် တိရစ္ဆာန်တို့အတွက် အသက်ရှင်ကျန်းမာရေးအပေါ်



**“ကာဗွန်ဒိုင်အောက်ဆိုက်မြင့်တက်မှုသည် သီးနှံပင်များသာမက ပေါင်းမြက်များ၏ ကြီးထွားမှုကိုလည်း အားပေးပါသည်။ ပေါင်းမြက်များသည် သီးနှံပင်နှင့် ရေ၊ အာဟာရ စုပ်ယူမှုကို ယှဉ်ပြိုင်နိုင်စွမ်းမြင့်လာသည့်အပြင် ပေါင်းပင်၏သက်တမ်းလည်း ပိုမိုရှည်လာနိုင်ပါသည်။ ပေါင်းပင်များ ထူထပ်စွာပေါက်ရောက်မှုကြောင့် အသုံးပြုသည့် ပေါင်းသတ်ဆေးပမာဏနှင့် အကြိမ်အရေအတွက် များလာသည့်အတွက် ပေါင်းသတ်ဆေးများ ပိုမိုလိုအပ်လာမည့်အပြင် ပေါင်းပင်များက ပေါင်းသတ်ဆေးဒဏ်ကို ခံနိုင်ရည်ရှိလာပြီး နှိမ်နင်းရန် အခက်အခဲများ ဖြစ်လာနိုင်သည်”**

တွင် ဆိုးရွားစွာသက်ရောက်စေခြင်းတို့လည်း ရှိနေပါသည်။ **သို့ရာတွင် သီးနှံပင်များ လိုအပ်သော ရေနှင့်ဓာတ်မြေဩဇာ သွင်းအားစုများနှင့် စိုက်ပျိုးထုတ်လုပ်မှု အလေ့အကျင့်ကောင်းများဖြင့် စီမံခန့်ခွဲကာ စိုက်ပျိုးထုတ်လုပ်နိုင်ပါက အထွက်တိုးစေနိုင်သော အခွင့်အလမ်းများလည်း ရှိနေပါသည်။** သို့ရာတွင် ဤဖြစ်စဉ်ကြောင့် အခြားမလိုလားအပ်သော ဆိုးကျိုးများကိုလည်း ဖြစ်ပေါ်စေနိုင်ပါသည်။

**အထွက်နှုန်းတိုးစေနိုင်သော်လည်း**

ကာဗွန်ဒိုင်အောက်ဆိုက် မြင့်တက်လာမှုသည် သီးနှံပင်များတွင် အထွက်နှုန်းတိုးတက်လာစေနိုင်သော်လည်း ပရိုတင်းဓာတ်၊ သံဓာတ်နှင့် သွပ်ဓာတ်စသည့် လူနှင့်တိရစ္ဆာန်တို့အတွက် ကျန်းမာရေးအထောက်အကူပြု အာဟာရဓာတ်များ လျော့နည်းလာစေကြောင်း အပြည်ပြည်ဆိုင်ရာလေ့လာမှုများက ဖော်ပြကြပါသည်။ ဤဖြစ်စဉ်ကို အကျိုးပြုအာဟာရဓာတ်ပြင်းအားလျော့နည်းခြင်း (Nutrient Dilution)ဟု ခေါ်ပါသည်။ ထို့ကြောင့် လူသားတို့၏ နေ့စဉ်စားသုံးမှုတွင် အစားအစာဖူလုံမှုရှိသော်လည်း အာဟာရဓာတ်ဖူလုံမှုမရှိခြင်းသည် မလိုလားအပ်သောအချက်တစ်ချက်ဖြစ်ပါသည်။ ဤဖြစ်စဉ်ကိုလည်း အပြည်ပြည်ဆိုင်ရာသုတေသနဌာနများ (USAID, IFPRI, CGIAR, CCAFS)တို့မှ ကြိုတင်ခန့်မှန်းစိစစ်ထားပါသည်။

ကာဗွန်ဒိုင်အောက်ဆိုက် မြင့်တက်လာမှုနှင့်အတူ သီးနှံများ၏ကြီးထွားမှုကို အထောက်အကူပြုသော်လည်း အဆိုပါဖြစ်စဉ်ကြောင့် ဓာတ်မြေဩဇာများကို ပိုမိုသုံးစွဲထည့်သွင်း ကျွေးမွေးရန် လိုအပ်ပါသည်။ လိုအပ်သည့် ဓာတ်မြေဩဇာအသုံးမပြုပါက လေ့လာတွေ့ရှိချက်အရ အပင်၏ တစ်သျှူးများတွင် နိုက်ထရိုဂျင်ဓာတ်ပါဝင်မှု လျော့နည်းလာကာ စားသုံးသူများအတွက် အာဟာရဓာတ်ချို့တဲ့မှုကို ဖြစ်စေနိုင်ပါသည်။ ထို့အပြင် နိုက်ထရိုဂျင်ဓာတ် လိုအပ်ချက်နှင့်အတူ အပင်၏ဇီဝကမ္မလုပ်ငန်းများလည်းပတ်နိုင်ရေးနှင့် ဖွံ့ဖြိုးမှုဖြစ်စဉ်များအတွက် ဖော့စ်ဖရပ်နှင့် ပိုတက်စီယမ်အာဟာရဓာတ်များလည်း အလုံအလောက်ရရှိရန် လိုအပ်လာပါသည်။

လိုအပ်သည့် တင်ပြပါ အပင်အာဟာရဓာတ်များ မရရှိပါက ကာဗွန်ဒိုင်အောက်ဆိုက်တိုးမြင့်လာမှုကြောင့်ရရှိသော ကောင်းကျိုးကိုမရရှိနိုင်ပါ။ ယခင်က အနောက်နိုင်ငံများတွင် မှန်လုံအိမ်အတွင်း စိုက်ပျိုးသောသီးနှံများ၊ သစ်သီးခြံများတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို အာဟာရဓာတ်ငွေ့အနေဖြင့် သုံးစွဲခဲ့ဖူးကြသည့် သာဓကများလည်း ရှိခဲ့သည်။ ထိုသို့ဆောင်ရွက်ခြင်းကို Carbon Fertilization ဟုခေါ်သည်။

**ဂေဟစနစ်ကိုလည်း ထိခိုက်ပျက်စီးစေ**

ကာဗွန်ဒိုင်အောက်ဆိုက်မြင့်တက်မှုသည် သီးနှံပင်များသာမက ပေါင်းမြက်များ၏ ကြီးထွားမှုကိုလည်း အားပေးပါသည်။ ပေါင်းမြက်များသည် သီးနှံပင်နှင့် ရေ၊ အာဟာရစုပ်ယူမှုကို ယှဉ်ပြိုင်နိုင်စွမ်းမြင့်လာသည့်အပြင် ပေါင်းပင်၏ သက်တမ်းလည်း ပိုမိုရှည်လာနိုင်ပါသည်။ ပေါင်းပင်များ ထူထပ်စွာပေါက်ရောက်မှုကြောင့် အသုံးပြုသည့် ပေါင်းသတ်ဆေးပမာဏနှင့် အကြိမ်အရေအတွက် များလာသည့်အတွက် ပေါင်းသတ်ဆေးများ ပိုမိုလိုအပ်လာမည့်အပြင် ပေါင်းပင်များက ပေါင်းသတ်ဆေးဒဏ်ကို ခံနိုင်ရည်ရှိလာပြီး နှိမ်နင်းရန် အခက်အခဲများ ဖြစ်လာနိုင်သည်။ ထို့အပြင် ပေါင်းသတ်ဆေးများ ပိုမိုအသုံးပြုရခြင်းကြောင့် ပတ်ဝန်းကျင်ဂေဟစနစ်ကိုလည်း ထိခိုက်ပျက်စီးစေနိုင်ပါသည်။ သို့ဖြစ်၍ ဘက်စုံပေါင်းနှိမ်နင်းရေးလုပ်ငန်းများကို သုတေသနပြုဖော်ထုတ်ကာ တောင်သူများထံ နည်းပညာပေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်ပါသည်။

ထို့အပြင် အာဟာရဓာတ်ပါဝင်မှု လျော့နည်းလာခြင်းနှင့်အတူ ကာဗွန်ဒိုင်အောက်ဆိုက် မြင့်တက်ခြင်းသည် အပူချိန်မြင့်မားလာစေခြင်းကြောင့် မိုးရေချိန်နှင့် မိုးရွာသွန်းမှုပုံစံပြောင်းလဲလာကာ ရာသီဥတု ပြောင်းလဲခြင်းကို ဖြစ်ပေါ်လာစေပါသည်။ သို့ဖြစ်၍ ရောဂါနှင့်ပိုးမွှားများ ပိုမိုကျရောက်လာစေခြင်းကြောင့် ပိုးသတ်ဆေးသုံးစွဲရမှုလည်း တိုးမြင့်လာစေပါသည်။ ပိုးသတ်ဆေးတိုးမြင့်သုံးစွဲရခြင်းကြောင့် ဂေဟစနစ်ပျက်စီးရုံသာမက ပြည်ပမှပိုးသတ်ဆေးများ မှာယူတင်သွင်းရခြင်းဖြင့် နိုင်ငံခြားငွေ ပိုမိုသုံးစွဲရသည်။ သို့ဖြစ်၍ ဘက်စုံပိုးမွှား ကာကွယ်နှိမ်နင်းနည်းစနစ်(Integrated Pest Management)ကို သုတေသနပြုကာ နည်းပညာပြန့်ပွား လိုက်နာကျင့်သုံးစေရပါမည်။

အပင်များအနေဖြင့် ကြီးထွားဖွံ့ဖြိုးမှုနှင့်အတူ အပင်အာဟာရများကိုလည်း မြေတွင်းမှ ရသလောက်စုပ်ယူနိုင်ရာ ပြန်လည်ဖြည့်တင်းမှုမရှိပါက မြေဆီဩဇာဆုတ်ယုတ်မှု(Nutrient Mining)ကို ဖြစ်စေကာ မြေဆီလွှာ၏ ကျန်းမာရေးကိုလည်း ထိခိုက်လာနိုင်မည် ဖြစ်ပါသည်။ ဤသည်ကို ကာကွယ်နိုင်ရန်အတွက် ဘက်စုံအပင်အာဟာရဓာတ် စီမံခန့်ခွဲမှု (Integrated Nutrient Management)ကို သုတေသနပြုကာ နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်များအရ လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏသည် စဉ်ဆက်မပြတ် တိုးတက်လျက်ရှိပါသည်။ မိမိတို့နိုင်ငံအပါအဝင် နိုင်ငံတကာတွင် ခေတ်မီ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်း၊ လောင်စာလောင်ကျွမ်းမှု ပိုမိုလာခြင်းအပြင် သစ်တောများ ပြုန်းတီးလာမှုတို့ကြောင့် နှစ်စဉ် လေထုအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှု တိုးတက်လာလျက်ရှိပါသည်။

ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏသည် ၁၉၆၀ ပြည့်နှစ်တွင် (၃၁၇ ppm)၊ ၂၀၁၅ ခုနှစ်တွင်(၄၀၀ ppm) ရှိခဲ့ပြီး ၂၀၅၀ ပြည့်နှစ်တွင် (၅၅၀ ppm) ခန့်ရှိမည်ဟု ခန့်မှန်းရပါသည်။ (Earth System Science Data 10:405–448. Doi: 10.5194/essd-10–405–2018)။ ထို့အပြင် ဆိုးရွားသည့် ရာသီဥတုဖြစ်စဉ်များဖြစ်သည့် ရေကြီးခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း စသည့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များလည်း ကြုံတွေ့လာရပါသည်။

**ကာကွယ်ရန်နည်းလမ်းများ**

**(၁) ဘက်စုံအာဟာရစီမံခန့်ခွဲမှု (Integrated Nutrient Management)**

သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းစေရန်နှင့် အပင်အာဟာရဓာတ်ရရှိမှု အကောင်းဆုံးဖြစ်စေရန် အော်ဂဲနစ်သဘာဝမြေဩဇာ၊ ဇီဝမြေဩဇာနှင့် ဓာတုမြေဩဇာများကို အသုံးပြုခြင်း။

**(၂) ဘက်စုံပိုးမွှားကာကွယ်ခြင်း (Integrated Pest Management)**

ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းရန်နှင့် ကုန်ကျစရိတ်သက်သာစေရန် ဘက်စုံပိုးမွှား ကာကွယ်နည်းစနစ်များကို အသုံးပြုခြင်း ။

**(၃) ရေစီမံခန့်ခွဲမှု (Water Management)**

စိုက်ပျိုးရေရှားပါးသောဒေသများတွင် ရေအစက်ချ စိုက်ပျိုးခြင်း၊ မိုးရေစုဆောင်းခြင်း၊ သီးနှံရေလိုအပ်ချက်အပေါ်မူတည်၍ ရေပေးဝေမှု အစီအစဉ်များ ရေးဆွဲဆောင်ရွက်ခြင်း ။

**(၄) ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်သည့် စိုက်ပျိုးရေးနည်းစနစ် (Climate Smart Agriculture)**

ရာသီဥတုဒဏ်ခံနိုင်သည့် မျိုးများအသုံးပြုခြင်း၊ လိုက်လျောညီထွေဖြစ်သည့် စိုက်ပျိုးနည်းစနစ်များ အသုံးပြုခြင်း၊ စိုက်ချိန်ပြောင်းလဲစိုက်ပျိုးခြင်း။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

**(၅) ပေါင်းသတ်ဆေး အလှည့်ကျသုံးစွဲခြင်းနှင့် ရောစပ်အသုံးပြုခြင်း (Herbicide Rotation and Mixtures)**

ပေါင်းပင်များ ပေါင်းသတ်ဆေးဒဏ်ခံနိုင်ရည်ရှိလာမှုကို ကာကွယ်ရန် မတူညီသော ပေါင်းသတ်ဆေးများကို အလှည့်ကျသုံးစွဲခြင်းနှင့် ရောစပ်သုံးစွဲခြင်း။

**(၆) တိကျသောစိုက်ပျိုးရေး (Precision Agriculture)**

သဘာဝပတ်ဝန်းကျင်ထိခိုက်မှု နည်းစေရန်နှင့် သွင်းအားစုအသုံးပြုမှုကို ထိရောက်မှုရှိစေရန် ဒေသအလိုက် ခေတ်မီနည်းပညာများအသုံးပြု၍ သွင်းအားစုများအား လိုအပ်သည့်နေရာတွင် လိုအပ်သည့်အချိန်မှ သုံးစွဲခြင်း။

**(၇) သီးနှံမျိုးပွားခြင်းနှင့် မျိုးရိုးဗီဇပြုပြင်အသုံးပြုခြင်း (Crop Breeding and Genetic Modification)**

ကာဗွန်ဒိုင်အောက်ဆိုက် မြင့်တက်လာသည့် အခြေအနေတွင် အပင်တွင်း အာဟာရဓာတ်မြင့်မားစေရန် အာဟာရဓာတ်စုပ်ယူမှုနှင့် အသုံးချမှု ပိုမိုကောင်းသော သီးနှံမျိုးကွဲများ၊ ပိုးမွှားရောဂါဒဏ်၊ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသောမျိုးများကို မွေးမြူထုတ်လုပ်စိုက်ပျိုးခြင်း။

**(၈) မြေဆီလွှာဖွံ့ဖြိုးရေးဆောင်ရွက်မှု (Soil Health Improvement)**

မြေဆီလွှာဖွဲ့စည်းမှုကောင်းမွန်ရန်နှင့် အာဟာရဓာတ်တိုးတက်စေရန် သီးလှည့်စိုက်ပျိုးခြင်း၊ သစ်စိမ်းမြေဩဇာစိုက်ပျိုးခြင်းနှင့် ထွန်ယက်မှုလျှော့ချခြင်း။

**သတိပြုကာကွယ်ရန် အရေးကြီး**

လူသားတို့အတွက် နေ့စဉ်စားသုံးရန် အစားအစာဖူလုံမှုသည် အရေးကြီးသကဲ့သို့ အာဟာရဓာတ်ချို့တဲ့မှုများ မဖြစ်ပေါ်စေရန် နေ့စဉ်စားသုံးနေသော အစားအစာများတွင် အာဟာရဓာတ် ပြည့်ဝစွာ ပါဝင်မှုသည်လည်း အလွန်အရေးကြီးပါသည်။ လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက် မြင့်တက်လာမှုကြောင့် သီးနှံအထွက်နှုန်း တိုးလာသော်လည်း အပင်အတွင်း အာဟာရဓာတ်များ လျော့နည်းလာခြင်း၊ ရာသီဥတုပြောင်းလဲလာခြင်းနှင့် ရောဂါကျရောက်မှု များပြားလာခြင်းတို့ကြောင့် စိုက်ပျိုးထုတ်လုပ်မှုစွမ်းအား၊ စားရေရိက္ခာဖူလုံမှုများနှင့် အာဟာရဓာတ်ဖူလုံမှုတို့အပေါ် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာပါသည်။

လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏ မြင့်မားလာမှုကို ကာကွယ်ရန် ကဏ္ဍစုံမှ ကြိုးစားအားထုတ်မှုများရှိသကဲ့သို့ ကာဗွန်ဒိုင်အောက်ဆိုက် မြင့်မားလာမှု၏ စိုက်ပျိုးရေးကဏ္ဍအပေါ် သက်ရောက်မှုများကို စိုက်ပျိုးရေးနည်းလမ်းများဖြင့် အထူးဂရုစိုက် ကာကွယ်ဆောင်ရွက်ရန် လိုအပ်လာသည်။ ကာဗွန်ဒိုင်အောက်ဆိုက်မြင့်မားလာမှုကြောင့် အပင်၏ တစ်သျှူးများတွင် နိုက်ထရိုဂျင်ပါဝင်မှု လျော့နည်းလာပြီး ပရိုတင်းဓာတ်ချို့တဲ့လာမှုကို ဖြည့်ဆည်းပေးနိုင်ရန် ယူရီးယားကဲ့သို့ နိုက်ထရိုဂျင်ပါဝင်သော မြေဩဇာများကို လုံလောက်စွာ အသုံးချရမည်ဖြစ်ပါသည်။ ပိုးမွှားရောဂါကျရောက်ခြင်း၊ ပေါင်းများထူပြောခြင်းတို့ကို ကာကွယ်ရန် ဓာတုဆေးများ အသုံးပြုမှုများလာခြင်းကြောင့် ဂေဟစနစ်ကို ထိန်းသိမ်းရေးနည်းလမ်းများကိုလည်း စနစ်တကျအသုံးပြုရန် လိုအပ်ပါသည်။

သီးနှံစိုက်ပျိုးထုတ်လုပ်ရန်အတွက် အပင်တွင်း အာဟာရဓာတ်ပါဝင်မှုမြင့်မားစေရန် အာဟာရဓာတ်စုပ်ယူမှုနှင့်အသုံးချမှု ပိုမိုကောင်းသော သီးနှံမျိုးကွဲများ ထုတ်လုပ်စိုက်ပျိုးသည်မှစ၍ စိုက်ပျိုးထုတ်လုပ်စဉ်ကာလအတွင်း ရေရှည်တည်တံ့သော စိုက်ပျိုးရေးနည်းလမ်းကို လက်တွေ့ကျင့်သုံးဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။

ထို့ကြောင့် နိုင်ငံတော်မှ လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ဆောင်ရွက်လျက်ရှိရာတွင် ကာဗွန်ဒိုင်အောက်ဆိုက်မြင့်မားလာမှုကြောင့် စိုက်ပျိုးရေးအပေါ် သက်ရောက်မှုများကို တောင်သူလယ်သမားများ နားလည်သိရှိသဘောပေါက်ပြီး ရေရှည်တည်တံ့သော စိုက်ပျိုးရေးနည်းလမ်းများကို လက်တွေ့ဆောင်ရွက်နိုင်အောင် ပညာပေးဆောင်ရွက်ကာ ကူညီထောက်ပံ့ပေးသင့်သည်။ ထို့အပြင် စိုက်ပျိုးရေးသုတေသနပညာရှင်များအနေဖြင့် စဉ်ဆက်မပြတ်လေ့လာပြီး ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏမြင့်တက်လာမှုကို လိုက်လျောညီထွေဖြစ်စေသော သီးနှံမျိုးများနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးနည်းလမ်းများကို ဖော်ထုတ်နိုင်စေရန် ကြိုးစားဆောင်ရွက်သင့်ပါသည်။ ။

**ကိုးကား**


(၁) Le Quere, C, R. Andrew, P. Friedlingstein, S. Sitch, J. Pongratz, A. Manning, et al. 2018. "Global Carbon Budget 2017." Earth System Science Data 10:405–448. Doi: 10.5194/essd–10–405–2018.

(၂) Smith, R. Matthew, Thornton K. Philip, Myers.S.Samuel. 2018. "The impact of rising Carbon Dioxide levels on crop nutrients and human health."


# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲများ မြို့နယ်အသီးသီး၌ကျင်းပ

**ဒဂုံမြို့သစ်(တောင်ပိုင်း)**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို သဃ်န်းကျွန်းခရိုင် သစ်တောဦးစီးဌာနက ကြီးမှူး၍ ရွာသာကြီးရပ်ကွက်ရှိ ရွာသာကြီး(အရှေ့) သစ်တောရုံးဝင်း၌ ဇွန် ၅ ရက်က ကျင်းပသည်။ သစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်သစ်တောဦးစီးဌာနတာဝန်ရှိသူများက တက်ရောက်လာသူများအား သစ်ပင်ပျိုးပင်များပေးအပ်ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာများ၊ သူနာပြုနှီးနွှယ်သင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးနှင့် သင်တန်းသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများက သစ်ပင်မျိုးစုံ ၁၀၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

သဃ်န်းကျွန်းမြို့နယ် သစ်တောဦးစီးဌာနသည် မြို့ပြပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေး၊ သစ်တောသယံဇာတများ ရေရှည်စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်စေရေးဦးတည်လျက် လူထုဖြန့်ပျိုးပင် ၅၀၀၀၀ ကို ပျိုးထောင်ထားပြီး ပြည်သူလူထုသို့ အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စွာမိုး(ပြန်/ဆက်)**





**မြန်အောင်**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၆ ရက်က မြန်အောင်ရေနံမြေအတွင်း ကျင်းပရာ မြန်အောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်နှင့် အဖွဲ့ဝင်များက ဦးဆောင်ကာ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာသူ ၂၁၀ က ဒေသနှင့်ကိုက်ညီသည့် သစ်မျိုးများ၊ အဖိုးတန်သစ်မျိုးများ၊ ရာသီအလိုက် ဖူးပွင့်နိုင်သည့် အပင်များ၊ ကြီးမြန်သစ်မျိုးများ၊ အရိပ်ရသစ်မျိုးများဖြစ်သည့် ကျွန်း၊ မဟော်ဂနီ၊ ခရေ၊ မန်ဂျန်ရှား၊ ယမနေစသည့် သစ်ပင်ကိုးမျိုး စုစုပေါင်းပျိုးပင် ၆၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့သည်။

မြန်အောင်မြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရန်၊ ရာသီဥတုမျှတပြီး အပူချိန်ထိန်းညှိပေးရန်၊ သစ်တောသယံဇာတ ရေရှည်တည်တံ့စေရန်၊ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ တက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်၍ သစ်ပင်စိုက်ပျိုးပွဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ရောဦးသာ (မြန်အောင်)**

**ပေါင်**

မွန်ပြည်နယ် ပေါင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က ကော့ထော်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးစိုးဝင်းက တက်ရောက်လာသူများထံ စိုက်ပျိုးမည့်ပျိုးပင်များကို ပေးအပ်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ သစ်တောဦးစီးဌာနမှဝန်ထမ်းများက မန်ဂျန်ရှားပင် ၃၈၀၊ ကျွန်းပင် ၂၀၀၊ ပျဉ်းကတိုးပင် ၁၀၀ စုစုပေါင်းပျိုးပင် ၆၈၀ ကို စိုက်ပျိုးခဲ့ကြသည်။

**မွန်မလေး (ပြန်/ဆက်)**

**အင်တော**

ရှမ်းပြည်နယ်(တောင်ပိုင်း) အင်တောမြို့၌ သစ်တောဦးစီးဌာနက ဦးဆောင်၍ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန်၊ ရာသီဥတုမျှတကောင်းမွန်စေရန်အတွက် သစ်ပင်စိုက်ပျိုးပွဲကို ကျောက်ဂူကျေးရွာအနောက်ဘက် မိုင်းနင်းခရောင်း ရေထွက်ဦးအနီး၌ ဇွန် ၅ ရက်က ကျင်းပသည်။ သစ်ပင်စိုက်ပျိုးပွဲတွင် ရပ်စောက်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးပြည့်ဖြိုးမောင်က သစ်ပင်စိုက်ပျိုးပွဲကျင်းပခြင်းအကြောင်း ပြောကြားပြီးနောက် အင်တောမြို့အုပ်ချုပ်ရေးမှူး ဦးမင်းသူနှင့် ဌာနဆိုင်ရာများ၊ ကျောက်ဂူနယ်မြေရဲစခန်းမှ စခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ကျောက်ဂူကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာနေပြည်သူများက ကျွန်း၊ ပိတောက်၊ ယင်းမာ၊ ခါတော်မီ၊ မဲဇလီ၊ မျောက်ငို၊ ကုက္ကို၊ ရေတမာနှင့် မန်ကျည်း စုစုပေါင်းပျိုးပင် ၁၀၈၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**ဇော်ဘီ**



## အိမ်မဲမြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပညာပေးဟောပြော

**အိမ်မဲ ဇွန် ၆**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ပညာပေးဟောပြောပွဲကို ဇွန် ၆ ရက်က အမက မြို့မ(၂) ကျောင်း၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ငွေငွေလှိုင်က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံနှင့် ၂၀၂၄ ခုနှစ် ဆောင်ပုဒ်အကြောင်း၊ သစ်တောသစ်ပင်များကို ချစ်ခင်တတ်စေရန်၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းတတ်စေရန်နှင့် စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများကို ကျောင်းသား ကျောင်းသူများအား ဟောပြောပြီးနောက် ကျောင်းသား ကျောင်းသူများအား စာအုပ်ပြပွဲနှင့် စာဖတ်ဝိုင်းများပြုလုပ်ပေးကာ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေးနံရံကပ်စာစောင်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကလေးအလုပ်သမားပပျောက်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်း ပြသခဲ့သည်။

**ချစ်သက်လယ်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ တရားလွှတ်တော်ရုံးနှင့် ဥပဒေရုံးဝန်ထမ်းများအား ထောက်ပံ့

**တောင်ကြီး ဇွန် ၆**

ရှမ်းပြည်နယ် အစိုးရအဖွဲ့က ရှမ်းပြည်နယ် လွှတ်တော်ရုံးနှင့် တရားလွှတ်တော်ရုံး ဝန်ထမ်းများအား ဆန်၊ ဆီပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၄ ရက်က ပြည်နယ်လွှတ်တော်ရုံး၌ ကျင်းပသည်။

ထောက်ပံ့ ပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ပြည်နယ်အတွင်း တာဝန် ထမ်းဆောင်နေသော ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ခြင်းဖြစ်ပြီး လိုအပ်ချက်များရှိပါက ပွင့်လင်းစွာ အကြံပြုဆွေးနွေးကြရန် ပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ပြည်နယ်လွှတ်တော်နှင့် တရားလွှတ်တော်ရုံး ဝန်ထမ်းများအား ဆန်၊ ဆီများ ထောက်ပံ့




ပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်နယ်ဥပဒေရုံးသို့ ဝန်ထမ်းများနှင့် သွားရောက်တွေ့ဆုံ၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ ဆက်လက်၍ ယဉ်ကျေးမှုစာကြည့်တိုက်သို့ သွားရောက်ပြီး မြန်မာစာအုပ်၊ အင်္ဂလိပ်စာအုပ် မဂ္ဂဇင်းနှင့် ပေပုရပိုက်စာများ၊ ကက်တလောက်များ၊ ယဉ်ကျေးမှုပြတိုက်များကို ကြည့်ရှုစစ်ဆေးကာ စာကြည့်တိုက်အတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။ ယင်းနောက် တောင်ကြီးမြို့ ညောင်ဖြူ စခန်းရပ်ကွက်ရှိ ရှမ်းရိုးမ ဘိုးဘွားရိပ်သာအား သွားရောက်ကာ ဘိုးဘွားများ ညစာသုံးဆောင်နေမှုကို ကြည့်ရှုအားပေးစကား ပြောကြားပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အလှူငွေကျပ်သိန်း ၅၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# နတ်မောက်မြို့နယ်၌ တောင်သူများအား မျိုးသန့်မျိုးပွား မျိုးစေ့များ ပေးအပ်

**နတ်မောက် ဇွန် ၆**

တရုတ်နိုင်ငံ မဲခေါင် - လန်ချန်း အထူးရန်ပုံငွေ (၂၀၂၂) အစီအစဉ်ဖြင့် ဆောင်ရွက်ထားသော နှမ်းသီးနှံသုတေသန စမ်းသပ်ကွက် ကွင်းသရုပ်ပြပွဲ အခမ်းအနားကို ဇွန် ၆ ရက်က မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၌ ကျင်းပရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းဇော်နှင့် နတ်မောက်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်စင်



တို့က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) မျိုးစေ့ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာယုမွန်က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် စမ်းသပ်တွေ့ရှိချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသည့် တောင်သူများအား မျိုးသန့်မျိုးပွား မျိုးစေ့အဆင့် မကွေးနှမ်းနက် ၂/၁၄ မျိုးစေ့များ လက်ဆောင်ပေးအပ်သည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် နတ်မောက်မြို့နယ် ဘုန်းတော်ပြည့်ကျေးရွာတို့တွင် စမ်းသပ်စိုက်ပျိုးထားသည့် နှမ်းသီးနှံသုတေသန စမ်းသပ်ကွက်များကို လှည့်လည်ကြည့်ရှုကြကာ စိုက်ပျိုးနည်းစနစ်များနှင့် ပတ်သက်၍ အကဲဖြတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သိမ့်သိမ့်မိုး(ပြန်/ဆက်)**

# ကျောက်ဖြူမြို့နယ်၌ ဒေသတွင်းစိမ်းလန်းစိုပြည်ရေး ပျိုးပင် ၂၂၀၀၀ ပျိုးထောင်ထားရှိ

**ကျောက်ဖြူ ဇွန် ၆**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ဒေသတွင်း စိမ်းလန်းစိုပြည်ရေး အတွက် မြို့နယ်သစ်တောဦးစီးဌာနရုံးခြံဝင်းရှိ မြို့မ - ယာယီ ပျိုးဥယျာဉ်၌ ပျိုးပင်များပျိုးထောင်ထားရှိမှုကို ဇွန် ၅ ရက်က ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ သွားရောက်ကွင်းဆင်း စစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေမင်းသူနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် မြို့နယ်သစ်တောဦးစီးဌာနရုံးသို့ သွားရောက်ပြီး ရုံးခြံဝင်းအတွင်း ပျိုးထောင်ထားရှိသည့် ၂၀၂၄ ခုနှစ် မိုးရာသီ၌ လူထုဖြန့်ပျိုးပင်များ စနစ်တကျ ပျိုးထောင်ထားရှိမှုနှင့် အပင်များ ရှင်သန်ကြီးထွားနေမှုတို့ကို သွားရောက်ကြည့်ရှုရာ ခရိုင်သစ်တောဦးစီးမှူးက ရှင်းလင်းဖြေကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားသည်။

ကျောက်ဖြူမြို့နယ်၌ ရာသီဥတု ကောင်းမွန်မျှတစေရေး ဒေသတွင်း စိမ်းလန်းစိုပြည်ရေး အတွက် မြို့နယ်သစ်တောဦးစီးဌာနရုံးရှိ မြို့မ-ယာယီပျိုးဥယျာဉ်တွင် ကျွန်းပင်(၃၀၀၀)၊ မန်ဂျန်ရှားပင် ၁၄၀၀၀ ၊ မဲဇလီပင် ၅၀၀ ၊ ရေတမာပင် ၃၀၀ ၊ ဗာဒံပင် ၂၀၀၊ ပျဉ်းကတိုးပင် ၅၀၀ ၊ ကုံကော်ပင် ၂၀၀ ၊ ခရေပင် ၃၀၀၊ မဟော်ဂနီပင် ၁၀၀၀ တို့အား လည်းကောင်း၊ ငလပွေ့ ဒီရေတောပျိုးဥယျာဉ်တွင် သမဲ့ပင် ၁၀၀၀ နှင့် ဖြူးခြေထောက်ဖို/မပင် ၁၀၀၀ စုစုပေါင်းပျိုးပင် ၂၂၀၀၀ အား ပျိုးထောင်ထားရှိကြောင်းနှင့် အဆိုပါပျိုးထောင်ထားရှိသော ပျိုးပင်များကို မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၏ မြေများ၊ ဌာနဆိုင်ရာရုံးများ၊ တပ်ရင်းတပ်ဖွဲ့များ၊ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ လမ်းဘေးဝဲယာများနှင့် စိုက်ခင်းများတွင် စိုက်ပျိုးနိုင်ရေးအတွက် ဇွန်လမြေအစိုဓာတ်ရရှိချိန်တွင် အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်းဦး**
**ဖြိုးဝေလင်း (ပြန်/ဆက်)**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## မုန်တိုင်းဖြစ်ပြီးချိန်တွင် ရှောင်ရှားသင့်သည့် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။

၂။ မလိုအပ်ဘဲ အပြင် မထွက်ပါနှင့်။





၃။ မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်။

၄။ ပြိုကျပျက်စီးနေသော အဆောက်အအုံများ၊ သစ်ပင်များ တောင်စောင်းများသို့ မသွားပါနှင့်။



## မုန်တိုင်းများ၏အန္တရာယ်ကို နားလည်သဘောပေါက် လွယ်စေရန် အရောင်ဖြင့် သတိပေးစနစ်များရှိပါသည်။

အရောင်အညွှန်းနှင့် လုပ်ဆောင်ရမည့်လုပ်ငန်းများ

**အဝါရောင်**

ဘင်္ဂလားပင်လယ်အော်/ ကပ္ပလီပင်လယ်တွင် မုန်တိုင်းများဖြစ်ပေါ်နေပြီးဖြစ်သည်။ မုန်တိုင်း၏ အခြေအနေကို သတိထား နားစွင့်ပါ။



**လိမ္မော်ရောင်**

မုန်တိုင်းသည် မြန်မာ့ကမ်းရိုးတန်းသို့ ဦးတည်နေသည်။
မုန်တိုင်းသည် မိမိနေထိုင်ရာဒေသဆီသို့ ဦးတည်ရွေ့လျားသည်ဟု သတင်းရရှိပါက မုန်တိုင်း၏ ပြောင်းလဲမှု ဖြစ်စဉ်ကို အထူးသတိထား စောင့်ကြည့်ပါ။



**အနီရောင်**

မုန်တိုင်းသည် ကမ်းရိုးတန်းသို့ (၁၂)နာရီအကြာတွင် ရောက်ရှိလာမည်ဖြစ်ပြီး အန္တရာယ်ရှိနိုင်သည်။ လုံခြုံစိတ်ချရသောနေရာသို့ ပြောင်းရွှေ့နေရာယူပါ။



**အညိုရောင်**

မုန်တိုင်းအန္တရာယ် ကျရောက်နေသည်။ လုံခြုံစိတ်ချရသည့် နေရာတွင် ခိုလှုံနေပါ။



**အစိမ်းရောင်**

မုန်တိုင်းအားပျော့ ပျက်ပြယ်သွားပြီ။ မိမိနေအိမ်သို့ ပြန်နိုင်ပြီ။



# ဥရောပပါလီမန်ရွေးကောက်ပွဲ နယ်သာလန်နိုင်ငံ၌ စတင်



**အမ်စတာဒမ် ဇွန် ၆**

**ဥရောပပါလီမန်ရွေးကောက်ပွဲအတွက် မဲပေးမှုများကို နယ်သာလန်နိုင်ငံ၌ ဇွန် ၆ ရက်က စတင်လိုက်ပြီဖြစ်သည်။ ဥရောပသမဂ္ဂ (အီးယူ ) အဖွဲ့ဝင် ၂၇ နိုင်ငံမှ လေးရက်ကြာမဲပေးမှု ရလဒ်ဖြင့် လာမည့်ငါးနှစ်အတွက် မူဝါဒလမ်းညွှန်မှုများကို ပုံဖော်သွားမည်ဖြစ်သည်။ ဥရောပပါလီမန်က ပြင်ဆင်ခြင်း သို့မဟုတ် ပြဋ္ဌာန်းခြင်းပြုလုပ်လိုက်သည့် ဥပဒေများသည် ဥရောပသမဂ္ဂ၏ မူဝါဒလွှမ်းမိုးရာ နေရာများတွင် သက်ရောက်မှုရှိမည်ဖြစ်သည်။**

ဥရောပပါလီမန်သည် ဥရောပသမဂ္ဂ၏ နှစ်စဉ်ဘတ်ဂျက်ကို ပြဋ္ဌာန်းသကဲ့သို့ ဥရောပကော်မရှင်ဥက္ကဋ္ဌကို ခန့်အပ်နိုင်သည်။ အဖွဲ့ဝင်နိုင်ငံတစ်ခုချင်းစီအတွက် ပါလီမန်တွင် ၎င်းတို့လူဦးရေ အချိုးအစားအလိုက် ခွဲဝေသတ်မှတ်ထားသည့် နေရာပေါင်း ၇၂၀ ရှိသည်။ အဓိကပြဿနာများမှာ ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရွှေ့ပြောင်းနေထိုင်သူများ အစုလိုက် အပြုံလိုက် ဝင်ရောက်လာခြင်းပင်ဖြစ်သည်။

နယ်သာလန်နိုင်ငံသည် ပထမဦးဆုံး မဲပေးခွင့်ရရှိသည့် အီးယူအဖွဲ့ဝင်နိုင်ငံဖြစ်သည်။ ဇွန် ၆ ရက်နံနက်ပိုင်းတွင် အမ်စတာဒမ်မြို့ရှိ မူလတန်းကျောင်းရှိ မဲရုံတစ်ရုံ၌ မဲပေးလာသူများနှင့် ပြည့်နှက်နေသည်။ သဘာဝပတ်ဝန်းကျင်နှင့် ရေရှည်တည်တံ့သော စီးပွားရေးတိုးတက်မှုသည် ယခုရွေးကောက်ပွဲအတွက် အရေးကြီးသည့် အကြောင်းအရာဖြစ်သည်ဟု လာရောက်မဲပေးသူတစ်ဦးက အင်န်အိတ်ချ်ကေသို့ပြောသည်။ နယ်သာလန်နိုင်ငံသည် ဥရောပသမဂ္ဂတွင် သေးငယ်သည့်နိုင်ငံဖြစ်သောကြောင့် ဥရောပသမဂ္ဂသည် ပြည်သူများအတွက် များစွာအဓိပ္ပာယ်ရှိကြောင်း နောက်ထပ်မဲဆန္ဒရှင်တစ်ဦးက ပြောသည်။

စိန်ခေါ်မှုများရှိနေသည့် အချိန်တွင် ဥရောပသမဂ္ဂသည် ပေါင်းစည်းမှုများကို အရှိန်မြှင့်တင်သင့်သည်ဟု ၎င်းက ဆက်ပြောသည်။ လာမည့်တနင်္ဂနွေနေ့မတိုင်မီအထိ ဥရောပသမဂ္ဂ အဖွဲ့ဝင် ၂၇ နိုင်ငံတွင် မဲပေးမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။ တနင်္ဂနွေနေ့ညပိုင်းတွင် ကနဦးရလဒ်များထွက်ပေါ်လာမည်ဟု ခန့်မှန်းထားသည်။

**အင်န်အိတ်ချ်ကေ**

# ချက်နိုင်ငံ၌ ရထားတိုက်မိမှုကြောင့် လေးဦးသေဆုံးပြီး ၂၃ ဦး ဒဏ်ရာရ

**ပရာ့ဂ် ဇွန် ၆**



ချက်သမ္မတနိုင်ငံ၌ ဇွန် ၅ ရက်ညနေပိုင်းတွင် ခရီးသည်တင်ရထားတစ်စင်းနှင့် ကုန်တင်ရထားတစ်စင်း တိုက်မိပြီးနောက် လေးဦးသေဆုံးခဲ့ပြီး ၂၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ချက်ရုပ်မြင်သံကြားတွင် ဖော်ပြခဲ့သည်။ ရထားတိုက်မှုသည် ချက်နိုင်ငံ အရှေ့မြောက်ပိုင်းမြို့တစ်မြို့ဖြစ်သည့် ပါဒူဘိုက်စ်တွင် ဒေသစံတော်ချိန် ည ၁၁ နာရီခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ခရီးသည်တင်ရထားသည် ချက်မြို့တော် ပရာ့ဂ်မှ ဆလိုဗက်အရှေ့ပိုင်းမြို့ဟောင်း ကော့ရှိဆေးသို့ ပြေးဆွဲစဉ် ကုန်တင်ရထားတစ်စင်းနှင့် ခေါင်းချင်းဆိုင်တိုက်မိခဲ့ခြင်းဖြစ်သည်။

ဒေသခံ ကယ်ဆယ်ရေးသမားများ၏အဆိုအရ ခရီးသည် ၃၀၀ ကျော် အဆိုပါရထားနှင့် လိုက်ပါလာခဲ့ကြောင်း သိရသည်။ အခင်းဖြစ်ပွားရာနေရာကို ရိုက်ယူထားသော ဓာတ်ပုံထဲတွင် ပထမဆုံး ရထားတွဲသည် လမ်းချော်နေပြီး တိမ်းမှောက်နေသည်ကို တွေ့ရမည်။ ရထားမောင်းသူ တစ်ဦးတစ်ယောက်မျှ သေဆုံးခြင်းမရှိကြောင်းနှင့် ရထားတိုက်မိမှုသည် အမှားအယွင်း တစ်ခုခုကြောင့် ဖြစ်နိုင်ကြောင်း သိရသည်။

ချက်ဝန်ကြီးချုပ် ပီတာဖီယက်က လူမှုကွန်ရက် စာမျက်နှာဖြစ်သော X ပေါ်တွင် ရထားနှစ်စင်းတိုက်မိမှုသည် အလွန်ကံဆိုးသည့် ဖြစ်ရပ်ဖြစ်ကြောင်းနှင့် ရထားတိုက်မှုကြောင့် သေဆုံးသူများနှင့် ဒဏ်ရာ ရရှိသူများအကြောင်း သုံးသပ်ဆင်ခြင်လျက်ရှိကြောင်း၊ ရထားတိုက်မှုအတွင်း သေဆုံးသူများကိုဝမ်းနည်းကြောင်း ပြောကြားလိုကြောင်း ဖော်ပြထားသည်။ အခင်းဖြစ်ပွားပြီးနောက် ခရီးသည်များကို အောင်မြင်စွာကယ်ထုတ်နိုင်ခဲ့ကြောင်း ချက်ရုပ်မြင်သံကြားတွင် ဖော်ပြခဲ့သည်။

**ဆင်ဟွာ**

# အိုဆာကာရှိ သင်္ဘောပြုပြင်ထိန်းသိမ်းရာနေရာ၌ မီးလောင်မှုကြောင့် အလုပ်သမား ခုနစ်ဦး ဒဏ်ရာရ

**တိုကျို ဇွန် ၆**

ဂျပန်နိုင်ငံ အနောက်ပိုင်း အိုဆာကာမြို့ရှိသင်္ဘောပြုပြင်ထိန်းသိမ်းရာ နေရာ၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ အလုပ်သမားခုနစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။



နီရှင်နာရီ ရပ်ကွက်ရှိ သင်္ဘောပြုပြင်ထိန်းသိမ်းရာ နေရာ၌ ဇွန် ၆ ရက် မွန်းလွဲပိုင်းက ပေါက်ကွဲမှုဖြစ်ပွားပြီး သင်္ဘောမီးလောင်မှုဖြစ်ပွားခဲ့သည်ဟု သတင်းပို့မှုကို ရဲတပ်ဖွဲ့နှင့် မီးသတ်သမားများက လက်ခံရရှိခဲ့သည်။

မီးလောင်မှုကို နှစ်နာရီကြာငြိမ်းသတ်ခဲ့ပြီး သင်္ဘော၏ အင်ဂျင်နှစ်လုံးမှာ ပျက်စီးသွားခဲ့ရသည်ဟု သိရသည်။ မီးလောင်မှုဖြစ်ပွားချိန်တွင် အလုပ်သမားများမှာ ဂဟေဆော်ခြင်းနှင့် သန့်ရှင်းရေးများ လုပ်ဆောင်နေကြကြောင်း ရဲများက ပြောသည်။ မီးလောင်မှု ဖြစ်ပွားရသည့်အကြောင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# ဖိလစ်ပိုင် အလယ်ပိုင်းကျွန်းပေါ်၌ မီးတောင်ပေါက်ကွဲပြီးနောက် လူပေါင်းထောင်နှင့်ချီ၍ ခိုလှုံနေထိုင်နေရ

**မနီလာ ဇွန် ၆**

ဖိလစ်ပိုင်နိုင်ငံ နီးဂရော့စ်ကျွန်း၌ ဒေသခံပေါင်း ၂၀၀၀ နီးပါးမှာ ယခုသီတင်းပတ် အစောပိုင်းက မီးတောင်ပေါက်ကွဲမှုအပြီးတွင် ခိုလှုံရာနေရာ၌ ခိုလှုံနေထိုင်နေရသည်ဟု သိရသည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပေါ်လာသည့် ရွှံ့နွံများစီးဆင်းလာမှုကိုလည်း စောင့်ကြည့်နေရသည်။

ယခုအချိန်အထိ သေဆုံးဒဏ်ရာရရှိသူ ရှိမရှိ မသိရသေးချေ။ ကန်လွန်မီးတောင်သည် ဇွန် ၃ ရက်က ပေါက်ကွဲခဲ့သည်ဟု ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ဗေဒသိပ္ပံက ပြောသည်။ မီးတောင်ပေါက်ကွဲမှုမှာ ၆ မိနစ်ကြာမြင့်ပြီး ၅ ကီလိုမီတာအထိ မြင့်မားသောပြာမှုန်များ လွင့်စဉ်လာခဲ့သည်။ မီးတောင်နောက်ထပ် ပေါက်ကွဲမှုဖြစ်လာနိုင်သေးသည်ဟု ခန့်မှန်းထားပြီး သတိပေးမှုအဆင့်ကို အဆင့် ၂ အထိ သတ်မှတ်ထားသည်။

မီးတောင်အနီး နေထိုင်နေကြသည့် အသိုက်အဝန်းများသည် မီးတောင်ပြာများကျဆင်းလာသည့်နောက် သဘာဝဘေးအန္တရာယ်အခြေအနေအဖြစ် ကြေညာခဲ့သည်။ ကန်လွန်မီးတောင်သည် ၁၈၆၆ ခုနှစ်မှစတင်၍ ၄၃ ကြိမ် မီးတောင်ပေါက်ကွဲခဲ့ပြီးဖြစ်သည်။ နောက်ဆုံးတစ်ကြိမ် ပေါက်ကွဲမှုမှာ ၂၀၁၇ ခုနှစ်က ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၃၅ ဦး သေဆုံး

**ဂါဇာ ဇွန် ၆**

ဂါဇာအလယ်ပိုင်း ရွှေ့ပြောင်းအခြေချသူများ နေထိုင်လျက်ရှိသည့် စာသင်ကျောင်း တစ်ကျောင်းကို ပစ်မှတ်ထားပြီး အစ္စရေးက လေကြောင်းတိုက်ခိုက်မှုတစ်ခု ပြုလုပ်ခဲ့ရာ ပါလက်စတိုင်း ၃၅ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ပါလက်စတိုင်း တရားဝင်သတင်းအေဂျင်စီတစ်ခုဖြစ်သည့် ဝါဖာက ဇွန် ၆ ရက်က ဖော်ပြခဲ့သည်။

အစ္စရေးတိုက်လေယာဉ်သည် ဒုံးကျည်အများအပြားဖြင့် စာသင်ခန်း သုံးခန်းကို လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ကြောင်း ဆေးဘက်ဆိုင်ရာ သတင်းရင်းမြစ်က ဖော်ပြခဲ့သည်။ ဂါဇာရှိ ဟားမားစ်မီဒီယာရုံးက အစ္စရေး၏ တိုက်ခိုက်မှုကို ပြစ်တင်ရှုတ်ချခဲ့သည်။ အစ္စရေးနှင့် အမေရိကန်သည် ဤကိစ္စအတွက် အပြည့်အဝတာဝန်ရှိကြောင်း အဆိုပါရုံးက ဖော်ပြခဲ့သည်။

**ဆင်ဟွာ**

# ဖိလစ်ပိုင်နိုင်ငံ၌ ကလေးငယ်နှစ်သန်း အာဟာရချို့တဲ့မှုနှင့် ရင်ဆိုင်နေရ

**မနီလာ ဇွန် ၆** – ဖိလစ်ပိုင်နိုင်ငံတွင် ကလေးငယ် နှစ်သန်းခန့် ကျန်းမာသန့်ရှင်း အာဟာရပြည့်ဝသော စားရေရိက္ခာများမရရှိဘဲ အာဟာရချို့တဲ့မှုနှင့် ရင်ဆိုင်နေရကြောင်း ယူနီဆက်ဖ်က ဇွန် ၆ ရက်က ထုတ်ပြန်ဖော်ပြခဲ့သည်။ Child Food Poverty: Nutrition Deprivation in Early Childhood ၏ ကမ္ဘာလုံးဆိုင်ရာ အစီရင်ခံစာတွင် ကမ္ဘာတစ်ဝန်း ငါးနှစ်အောက် ကလေးငယ်ပေါင်း ၁၈၁ သန်း သို့မဟုတ် လေးယောက်လျှင် တစ်ယောက်မှာ အာဟာရချို့တဲ့မှုနှင့် ကြုံတွေ့ လျက်ရှိကြောင်း ဖော်ပြခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ကလေးငယ် ၁၈ ရာခိုင်နှုန်း သို့မဟုတ် နှစ်သန်းမှာ အာဟာရငတ်မွတ်မှုနှင့် ကြုံတွေ့လျက်ရှိကြောင်း အဆိုပါ အစီရင်ခံစာ၌ ဖော်ပြထားသည်။

**ဆင်ဟွာ**

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် မိတ္ထီလာမြို့ရှိ တက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၆**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာပညာရေး ဒီဂရီကောလိပ်သို့ရောက်ရှိပြီး ပညာရေး ဒီဂရီကောလိပ် လေးနှစ်သင်ကျောင်းသား ကျောင်းသူများနှင့်လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ် သင်တန်းသား သင်တန်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပညာပါရမီခန်းမ၌ လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများထံမှ နာခံ၊ မှတ်သား၊ အတုယူကာ မိမိတို့၏တပည့်များကို ဆရာ့ကျင့်ဝတ်ငါးပါးနှင့်အညီ ပြန်လည်သင်ကြား ဆုံးမပဲ့ပြင်ပေးကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မိတ္ထီလာမြို့ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း (ချည်စက်)များသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ အတန်းတက်ရောက်ပညာသင်ယူနေမှုကို ကြည့်ရှုအားပေးပြီး ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ တပည့်ကျောင်းသား ကျောင်းသူများကို လိမ္မာရေးခြားရှိအောင် သွန်သင်ဆုံးမပေးရန်နှင့် ကျောင်းနေမြဲရေးအတွက် စည်းရုံးဆောင်ရွက်ပေးရန်၊ အမှန်တကယ်စာတတ်မြောက်အောင် သင်ကြားပေးရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မိတ္ထီလာတက္ကသိုလ်သို့ရောက်ရှိပြီး သိပ္ပံလက်တွေ့ခန်းများနှင့် ဘာသာရပ်ဌာနများကို စစ်ဆေးကြည့်ရှုပြီး ကျောင်းသား ကျောင်းသူများ စာသင်ခန်းများတွင် အေးချမ်းပျော်ရွှင်စွာ ပညာသင်ယူနေမှုများ၊ စာသင်ဆောင်များ သန့်ရှင်းသာယာ သပ်ရပ်မှုရှိအောင် ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# နိုင်ငံတော်အစိုးရက ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

**ရန်ကုန် ဇွန် ၆**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့နေရပါက နိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေတွင် တွေ့ကြုံရသည့်တိုင် မြန်မာကောင်စစ်ဝန်ချုပ်ရုံး မြန်မာသံရုံးနှင့် သက်ဆိုင်ရာနိုင်ငံသံရုံးများချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာ အမြန်ဆုံးပြန်လည် ရောက်ရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။



**ပြန်လည်ခေါ်ဆောင်နိုင်**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မခင်မျိုးဌေးအား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ယူအေအီးနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာပြည်နယ်ရဲတပ်ဖွဲ့နှင့် လူ့စွမ်းအားအရင်းအမြစ်နှင့် နိုင်ငံသားအကျိုးစီးပွားမြှင့်တင်ရေးဝန်ကြီးဌာနတို့မှ အာဏာပိုင်များနှင့်ညှိနှိုင်း၍ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မခင်မျိုးဌေးသည် ဇွန် ၅ ရက်၌ ဒူဘိုင်းမြို့မှ ဒေသစံတော်ချိန်မွန်းလွဲ ၂ နာရီတွင် လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ယမန်နေ့ည ၁၀ နာရီတွင် ရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံသူ မခင်မျိုးဌေးသည် မြန်မာနိုင်ငံမှ ဒူဘိုင်းမြို့သို့ လွန်ခဲ့သောရှစ်လဝန်းကျင်ခန့်က ရောက်ရှိခဲ့ပြီး ပွဲစားများက အေဂျင်စီရုံးအဆင့်ဆင့်သို့လက်လွှဲမှုကိုခံခဲ့ရ၍ နောက်ဆုံးတွင် ဒူဘိုင်းမြို့ရှိ မြန်မာနိုင်ငံသားတစ်ဦး ဖွင့်လှစ်ထားသည့်အဆောင်တွင် မြန်မာနိုင်ငံသို့ မပြန်မီအတွင်း နေထိုင်ခဲ့ရသည်။ ယူအေအီးနိုင်ငံတွင် အခက်အခဲများကြုံတွေ့ရသူတို့သည် ထိုနိုင်ငံသို့အလည်အပတ်(Visit visa)ဖြင့် ရောက်ရှိခဲ့ကြပြီး ရန်ကုန်မြို့ရှိပွဲစားများနှင့် ဒူဘိုင်းမြို့ရှိပွဲစားများ ချိတ်ဆက်ဆောင်ရွက်မှုဖြင့် အလုပ်လုပ်ကိုင်ကြခြင်းဖြစ်ရာ အလုပ်အကိုင်ပါမစ်ဖြင့် သွားရောက်ခြင်းမျိုးမဟုတ်သဖြင့် ပွဲစားများနှင့်အလုပ်ရှင်တို့၏ ခေါင်းပုံဖြတ်မှုကို ခံကြရလေ့ရှိပြီး ဘာသာစကား၊ ယဉ်ကျေးမှု၊ အစားအသောက်နှင့် လုပ်ငန်းခွင်အခက်အခဲတို့ကြောင့် ထိုနိုင်ငံတွင် အခက်အခဲများစွာကြုံတွေ့ရခြင်းဖြစ်သည်။ မခင်မျိုးဌေးအား မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ လိုအပ်သောကူညီမှုများကို စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ပြန်လည်ထွက်ခွာခွင့်(Exit Permit)ရရှိခဲ့၍ ယနေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ အဆင်ပြေချောမွေ့စွာရောက်ရှိခဲ့ခြင်း ဖြစ်သည်။

**အကူအညီပေး**

ဒူဘိုင်းမြို့တွင် အခက်အခဲများကြုံတွေ့ခဲ့ရမှုနှင့်စပ်လျဉ်း၍ မခင်မျိုးဌေးက "ကျွန်မက စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်က ရွာမှာနေပါတယ်။ အမေအိုကြီးရှိတဲ့အတွက် ပြည်ပမှာ အလုပ်လုပ်မယ်ဆိုပြီး ပွဲစားနဲ့ချိတ်ဆက်ပြီး ဒူဘိုင်းကိုရောက်ခဲ့ပါတယ်။ ရန်ကုန်ပွဲစားက ဒူဘိုင်းပွဲစားနဲ့ချိတ်ဆက်ပြီး အလုပ်ကို စောင့်ခဲ့ရတာမှာ ဟိုပြောင်းရ ဒီရွှေ့ရနဲ့ အလုပ်မလုပ်ရဘဲ ရှစ်လနီးပါးကြာခဲ့ပါတယ်။ ရန်ကုန်အေးဂျင့်ကို အလုပ်မရကြောင်းပြောတော့ နောက်ပိုင်းဖုန်းမကိုင်တော့ဘူး။ ရွာကနေ ရန်ကုန်အေးဂျင့်ကို ဖုန်းဆက်ပြီး ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ပြန်ခေါ်မယ်ဆိုပြီး ဆက်သွယ်ပေမယ့် ဖုန်းမကိုင်တော့တဲ့အတွက် ပြည်ပမှာနေ့စဉ် မျက်ရည်နဲ့မျက်ခွက်နေခဲ့ရပါတယ်။ မြန်မာသံရုံးကို မိတ်ဆွေတစ်ဦးက အကြောင်းကြားပေးပြီး အကူအညီပေးခဲ့တာကြောင့် မြန်မာပြည်ကို မထင်မှတ်ပဲ ပြန်ရောက်ခဲ့တာဖြစ်ပါတယ်။ အားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်။ အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ ဖြစ်နိုင်ရင် ပြည်ပနိုင်ငံအကြောင်း၊ အေးဂျင့်တွေအကြောင်း မသိဘဲ မသွားစေလိုပါဘူး။ ငွေကုန်ပြီး အလုပ်မရဘဲ ဒုက္ခမျိုးစုံကြားက ကံကောင်းထောက်မစွာနဲ့ အမိနိုင်ငံကို ပြန်ရောက်လာတာပါ။ သံရုံးကသာ မကူညီရင် ရှေ့ဆက်ပြီး ဘယ်လိုဒုက္ခတွေ ရင်ဆိုင်ရမလဲဆိုတာ မမှန်းရဲပါဘူး။ မြန်မာနိုင်ငံကို စိတ်အေးချမ်းသာစွာ ပြန်ရောက်အောင်ကူညီစောင်မပေးခဲ့တဲ့ နိုင်ငံတော်လူကြီးများ၊ တာဝန်ရှိသူတွေအားလုံးကို လက်အုပ်မိုးပြီး ကန်တော့ပါတယ်။ ကျေးဇူးအထူးတင်ပါတယ်ရှင်" ဟု ပြောကြားသည်။

ယူအေအီးနိုင်ငံတွင် အခက်အခဲများကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးက ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ထိုနိုင်ငံ၌ အလုပ်လုပ်ကိုင်စဉ် အလုပ်ရှင်နှင့် အဆင်မပြေမှုတို့တွင် မြန်မာပွဲစားများက တာဝန်ယူဖြေရှင်းပေးမှု မရှိသည့်အပြင် ဒူဘိုင်းအေဂျင်စီရုံးနှင့် အလုပ်ရှင်တို့က နိုင်ငံကူးလက်မှတ်များကို သိမ်းဆည်းထားခြင်း၊ ပွဲစားများက အေဂျင်စီရုံးအဆင့်ဆင့်သို့ လက်လွှဲအသုံးချခြင်းတို့ကို ကြုံတွေ့နေရကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာသံရုံး၏ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ပြီး ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအတွက် အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်လျက်ရှိကြောင်း သတင်းရရှိသည်။

**ညီမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး**

# သန်လျင်မြို့နယ် သန့်ရှင်းသာယာလှပရေးဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဇွန် ၆**

သန်လျင်မြို့နယ်အတွင်း မြို့သန့်ရှင်းသာယာလှပစေရေးအတွက် မြို့နယ်စည်ပင် သာယာရေးအဖွဲ့မှ ပန်းအလှပင်၊ အရိပ်ရပင်နှင့် အလှမြက်ခင်းများဆောင်ရွက်ပေးထားခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် နိဗ္ဗာန်လမ်းမကြီး တစ်လျှောက် ကွန်ကရစ်ရေမြောင်းများ အသစ်ဆောင်ရွက်ခြင်းလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက စက်ယာဉ်၊ ယန္တယားများဖြင့် ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**



မြို့ဝင်မြို့ထွက် လမ်းမကြီးဖြစ်သော ကျိုက်ခေါက်ဘုရားလမ်းမကြီး တစ်လျှောက်တွင်လည်း မြေယာရှုခင်းအလှ၊ ပန်းအလှပင်များ စနစ်တကျစိုက်ပျိုးထားရှိသည့် နံနက်ခင်းကျန်းမာရေးလမ်းလျှောက်သူများအတွက် ပြည်တော်သာလမ်းမကြီး တစ်လျှောက်တွင် အားကစားလေ့ကျင့်ရန်နေရာများအပြင် ရပ်ကွက်အသီးသီးတွင်လည်း ထားရှိပေးထားသည်။ သန်လျင်မြို့၏ အဓိကရေထွက်ပေါက်သီတာရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ ရန်ကုန်မြစ်ထွက်ပေါက်အထိ တူးဖော် ဆောင်ရွက်ပေးထားသည်။ မြို့သန့်ရှင်း သာယာလှပရေးအတွက် စိုက်ပျိုးထားရှိသော ပန်းအလှပင်၊ အရိပ်ရပင်နှင့် မြေယာရှုခင်းအလှများအပြင် ထပ်မံလိုအပ်သော ပန်းအလှပင်များကိုလည်း တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**

# ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် အာရှထိပ်သီး ဂျပန်ကို မြန်မာအသင်းအိမ်ကွင်း၌ ရှုံးနိမ့်

**ရန်ကုန် ဇွန် ၆**

၂၀၂၆ ကမ္ဘာ့ဖလားအာရှဇုန် ဒုတိယအဆင့် ခြေစစ်ပွဲအဖြစ် မြန်မာအသင်းနှင့် ဂျပန်အသင်းတို့ ဇွန် ၆ ရက် ညနေပိုင်းက ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ရာ ဂျပန်အသင်းက ငါးဂိုးပြတ်အနိုင်ရခဲ့သည်။

ယခုပွဲကို မြန်မာဘောလုံးပရိသတ် နှစ်သောင်းကျော်အထိ လာရောက်အားပေး ခဲ့ကြသည်။ ဂျပန်အသင်းသည် နာမည်ကြီးကစားသမား ဒိုအန်၊ တာနီဂူချီ၊ နာကာမူရာ၊ အိုဂါဝါ၊ ကာမာဒါ တို့ကို ကစားသမားသစ်များဖြင့် တွဲဖက်ကစားစေခဲ့သည်။ ဂျပန်အသင်းအတွက် အနိုင်ဂိုးများကို ၁၇၊ ၉၀+၃ မိနစ်တွင် နာကာမူရာ၊ ၃၄ မိနစ်တွင် ဒိုအန်၊ ၇၅၊ ၈၃ မိနစ်တွင် အိုဂါဝါတို့က သွင်းယူခဲ့သည်။




အုပ်စု (ခ) အခြားပွဲတွင် မြောက်ကိုရီးယားအသင်းက ဆီးရီးယားအသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင် ရခဲ့သည်။ အုပ်စု(ခ)တွင် ငါးပွဲစီကစားအပြီး၌ ဂျပန်အသင်းက ၁၅ မှတ်၊ ဆီးရီးယားအသင်းက ခုနစ်မှတ်၊ မြောက်ကိုရီးယားအသင်းက ခြောက်မှတ်၊ မြန်မာအသင်းက တစ်မှတ်ရရှိထား သည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဇွန် ၁၁ ရက်တွင် မြောက်ကိုရီးယားအသင်းနှင့် အဝေးကွင်းကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေး

**ဘားအံ ဇွန် ၆**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ဘားအံမြို့ပေါ်ရှိ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ဘားအံ) တို့တွင် အေးချမ်းစွာ ပညာ သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှု အားပေးသည်။

ပြည်နယ် ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘားအံမြို့ပေါ်ရှိ အခြေခံ ပညာကျောင်းများဖြစ်သော အမှတ်(၁)အခြေခံ ပညာ အထက်တန်းကျောင်း၊ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းများသို့သွားရောက်ပြီး ပြည်နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကာ အထွေထွေအသုံးစရိတ် ငွေကျပ်သုံးသိန်းစီ ထောက်ပံ့ပေးအပ်သည်။

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အခြေခံပညာကျောင်းများကို ဇွန် ၃ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ကရင်ပြည်နယ်အတွင်း အခြေခံပညာ ကျောင်းပေါင်း ၁၂၄၀၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၁၈ ကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်း ၂၁ကျောင်း စုစုပေါင်း ၁၂၇၉ ကျောင်းဖွင့်လှစ်သင်ကြားလျက်ရှိပြီး ကျောင်းသား ကျောင်းသူပေါင်း ၂၀၀၆၅၀ ကျောင်းအပ်နှံကာ ၁၉၈၅၂၇ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် နည်းပညာတက္ကသိုလ်(ဘားအံ)၌ Civil၊ Electronic၊ Electrical Power၊ Machanical ဘာသာရပ်များအလိုက် ကျောင်းသားကျောင်းသူ ၄၆၄ ဦး အေးချမ်းစွာ ပညာ သင်ကြားနေမှုများနှင့် စာကြည့်တိုက်ကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၏ တက္ကသိုလ်ဆိုင်ရာအချက်အလက်များတင်ပြမှုအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ လိုအပ်သည်များ မှာကြား၍ အထွေထွေအသုံးစရိတ် ငွေကျပ်သုံးသိန်း ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ဘားအံ) အစည်းအဝေးခန်းမ၌ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ကျွမ်းကျင်လုပ်သားများနှင့် စီးပွားရေးလုပ်ငန်းလာရောက်လုပ်ကိုင်သူများ ရွှေ့ပြောင်းသွားလာလုပ်ကိုင်မှု လွယ်ကူချောမွေ့စေရေးစည်းဝေး

**နေပြည်တော် ဇွန် ၆**

ကျွမ်းကျင်လုပ်သားများနှင့် စီးပွားရေးလုပ်ငန်းလာရောက်လုပ်ကိုင်သူများ ရွှေ့ပြောင်းသွားလာလုပ်ကိုင်မှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ (၁/၂၀၂၄)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ဇွန် ၅ ရက်က အလုပ်သမားဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ အလုပ်သမား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ လုပ်ငန်းကော်မတီဝင်များ၊ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ဒုတိယဝန်ကြီးက လုပ်ငန်းကော်မတီကို ဒေသအတွင်းရှိ လူတန်းစားအလွှာအသီးသီး ရွှေ့ပြောင်းသွားလာလုပ်ကိုင်မှုဆိုင်ရာ အာဆီယံသဘောတူစာချုပ်အောက်ရှိ ကတိကဝတ်များကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရန်နှင့် နိုင်ငံတကာနှင့် ဒေသတွင်းစံသတ်မှတ်ချက်များနှင့်အညီ စာရွက်စာတမ်းလိုအပ်ချက်များကို လျှော့ချရန် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standard Authority– NSSA) အနေဖြင့် လက်ရှိတွင် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ရန် တာဝန်ယူဆောင်ရွက်ပေးနေပြီး ကျွမ်းကျင်ပညာရှင်များအတွက် သက်ဆိုင်ရာ ပညာရှင်အဖွဲ့အစည်းများ၊ ကောင်စီများက စီမံဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းကော်မတီအနေဖြင့် AEC Measure တွင် A5 Facilitating Movement of Skilled Labour and Business Visitors ကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အာဆီယံလူပုဂ္ဂိုလ်များ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ သဘောတူညီချက်အပေါ် ပြင်ဆင်သည့် အခြေပြစာချုပ်ကို ၂၀၂၄ ခုနှစ် မတ် ၇ ရက်က ပါဝင်လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်အတွင်း အာဆီယံလူပုဂ္ဂိုလ်များ ရွှေ့ပြောင်းသွားလာခြင်း (MNP) ဆိုင်ရာ အစီအစဉ်များကို အေအီးစီ ၂၀၂၅ လမ်းပြမြေပုံကို အခြေခံ၍ သဘောတူညီထားသော ပန်းတိုင်များကို သတ်မှတ်ကာလအတွင်း အောင်မြင်အောင်ဆောင်ရွက်နိုင်ရန် အစီအမံများ ချမှတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။ **(ဝဲပုံ)**

ယနေ့အစည်းအဝေးတွင် လုပ်ငန်းကော်မတီ၏ လက်ရှိစုဖွဲ့မှုအပေါ် ပြန်လည်စိစစ်ခြင်း၊ လုပ်ငန်းကော်မတီမှ လုပ်ငန်းတာဝန်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုများ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် သဘောထားမှတ်ချက်များ၊ ကဏ္ဍအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ရသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ၁၀ နှစ်တာ ကာလအတွင်း အေအီးစီလုပ်ငန်းများအကောင်အထည်ဖော်ခဲ့မှု အခြေအနေနှင့်စပ်လျဉ်း၍ လက်တွေ့အကောင်အထည်ဖော်မှုများကို လေ့လာဆန်းစစ်နိုင်ရေးကိစ္စရပ်များကို လုပ်ငန်းကော်မတီအဖွဲ့ဝင်များက ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားနှင့် စာစီစာကုံးဆုချီးမြှင့်ပွဲကျင်းပ

**ဇန်းမော် ဇွန် ၆**

ကချင်ပြည်နယ် ဇန်းမော်မြို့ မြို့တော်ခန်းမ၌ ဇန်းမော်ခရိုင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ ကျင်းပသော ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်လတ်က အမှာစကား ပြောကြားပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရွှေပြည်စိုးက ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံနှင့် အခမ်းအနားကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



ကချင်ပြည်နယ်အဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်း ဆုရရှိခဲ့သည့် အလယ်တန်းအဆင့်တွင် အ.လ.က ဝက်ကုန်းကျောင်းနှင့် ကချင်ပြည်နယ်အဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း ဆုဒုတိယဆုရရှိခဲ့သည့် အ.မ.က မူလွန် မံပုံကျောင်းတို့အား ခရိုင်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ **(ဝဲပုံ)** ဆက်လက်၍ ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ထူးချွန်ဆုများရရှိခဲ့သည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် ဇွန် ၆**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Midmay Group Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ N.P.K Motors Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် MG, MG4 (MULAN) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Myanmar New Energy Motor (MNEM) Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် HYCAN Z03 နှင့် HYCAN A06PLUS အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Grand Sirius Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် NETA NEOMOR D05 လျှပ်စစ်သုံး မော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ဇွန် ၆ ရက်တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ချင်းပြည်နယ်၌ ကလေးအလုပ်သမား ပပျောက်ရေးလုပ်ငန်းဆပ်ကော်မတီရှစ်ခုကို ဖွဲ့စည်းထားပြီးဖြစ်

**ဟားခါး ဇွန် ၆**

ချင်းပြည်နယ် ကလေးအလုပ်သမားပပျောက်ရေး ဆိုင်ရာလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်း အစည်း အဝေး (၁/၂၀၂၄) ကို ဇွန် ၆ ရက်က ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန် တက်ရောက်သည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ကလေးအလုပ်သမား ပပျောက်ရေးကော်မတီသည် အခြေအနေ အချိန် အခါအရ လိုအပ်သည့် ကော်မတီဖြစ်ကြောင်း၊ ကလေးအလုပ်သမားသည် အချိန်တိုင်း၊ နေရာတိုင်း မှာရှိနိုင်ကြောင်း၊ ပြည်နယ် ကလေးအလုပ်သမား ပပျောက်ရေးလုပ်ငန်း ဆပ်ကော်မတီရှစ်ခုကို ဖွဲ့စည်းထားပြီးဖြစ်သည့်အတွက် ဆပ်ကော်မတီ အလိုက် ကလေးအလုပ်သမားပပျောက်နိုင်ရေး အတွက် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆက်လက် ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းဆွေးနွေး တင်ပြပေးစေလိုကြောင်း အမှာစကားပြောကြား သည်။ (ဝဲပုံ)

ယင်းနောက် ပြည်နယ်အလုပ်သမားညွှန်ကြား ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဟုန်းကီးက ချင်းပြည်နယ် ကလေးအလုပ်သမားပပျောက်ရေး ဆိုင်ရာလုပ်ငန်းကော်မတီ၏ ကလေးအလုပ်သမား ပပျောက်ရေး ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ ဆပ်ကော်မတီများမှ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက မိမိတို့ဆပ်ကော်မတီ အလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက် နိုင်မှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

ခရိုင် ( ပြန်/ဆက် )

## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်မှ တရားသူကြီးများ၊ တရားရေးအရာရှိများ၊ ဝန်ထမ်းများ၏ သားသမီးများအား ကျောင်းသုံးစာရေးကိရိယာနှင့် ဝတ်စုံစရိတ်များ ထောက်ပံ့ပေးအပ်

**ရန်ကုန် ဇွန် ၆**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မှ တရားသူကြီးများ၊ တရားရေးအရာရှိများ၊ ဝန်ထမ်းများ၏ သားသမီးများ ပညာသင်ကြားကြမည့် ကျောင်းသားကျောင်းသူများအား ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းသုံးစာရေးကိရိယာနှင့် ဝတ်စုံစရိတ်များ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၄ ရက်က ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၊ အစည်းအဝေးခန်းမ(အလယ်ထပ်)၌ ကျင်းပ သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးတို့က ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာသင်ကြားကြမည့် ကျောင်းသားကျောင်းသူများ၏ မိဘများအား ကျောင်းသုံးစာရေးကိရိယာများ၊ ကျောင်းဝတ်စုံနှင့် ထောက်ပံ့စရိတ်များ ပေးအပ်သည်။

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ဝန်ထမ်းများ၏ ပညာသင်ကြားကြမည့် သားသမီးများအား မူလတန်းကြိုအဆင့်မှ ဘွဲ့လွန်တန်းအထိ ကျောင်းသားကျောင်းသူ စုစုပေါင်း ၂၉ ဦး အတွက် ကျောင်းသုံးစာရေး ကိရိယာနှင့်ဝတ်စုံစရိတ်ထောက်ပံ့ငွေ စုစုပေါင်း ငွေကျပ် ၂၆၅၆၅၀၀ ကို ပေးအပ်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး၊ တရားရေးအရာရှိများ၊ ဝန်ထမ်းများ၊ ကျောင်းသား မိဘများ တက်ရောက်ကြသည်။

သတင်းစဉ်





## ကချင်ပြည်နယ်ဝန်ကြီးချုပ် ဝိုင်းမော်မြို့၌ ယာယီတိုက်ပွဲရှောင်ပြည်သူများအား အားပေးထောက်ပံ့

**မြစ်ကြီးနား ဇွန် ၆**

ကချင်ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် ဒေသတွင်း နယ်မြေမတည်ငြိမ်မှုဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာ ယာယီတိုက်ပွဲရှောင် ပြည်သူများအား နေထိုင်စားသောက်မှု အဆင်ပြေစေရေးအတွက် စဉ်ဆက်မပြတ် စီမံဆောင်ရွက်ပေးလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ဇွန် ၆ ရက်က ဝိုင်းမော်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဆမားခန်းမ ၌ မြို့နယ်အတွင်းရှိ ယာယီတိုက်ပွဲရှောင် ပြည်သူများအား သွားရောက် တွေ့ဆုံအားပေး ထောက်ပံ့သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဝိုင်းမော်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဝိုင်းမော်မြို့ပေါ်ရပ်ကွက်များ၊ မိုင်းနား၊ နောင်တာလော၊ နောင်းချိန်း၊ ဝူယန်ကျေးရွာတို့ရှိ ဘာသာရေးအဆောက်အဦများ၊ ယာယီခိုလှုံရာစခန်းများ၊ မြို့ပေါ်ရပ်ကွက်များသို့ ယာယီတိမ်းရှောင်လာသော အိမ်ထောင်စု ၁၅၁၄ စုတို့အတွက် အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် စုစုပေါင်းငွေကျပ် ၁၁၃၅၁၀၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၁၅၁၄ အိတ်နှင့် ကျောင်းနေအရွယ်ကလေးများအတွက် ကျောင်းသုံးဗလာစာအုပ်များကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် စခန်းခြောက်ခုအတွင်း ယာယီခိုလှုံရာ နေအိမ်အဆောက်အအုံများ တည်ဆောက်နိုင်ရေး၊ ပညာရေးအတွက် သင်ထောက်ကူပစ္စည်းများ သယ်ယူနိုင်ရေး၊ ရေသန့်စက် တပ်ဆင်အသုံးပြုနိုင်ရေးတို့အတွက် စုစုပေါင်းငွေကျပ် ၈၀၅၀၀၀၀ ကို ထပ်မံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## လားရှိုးမြို့ ယာယီတိုက်ပွဲရှောင်စခန်းမှ ယာယီတိုက်ပွဲရှောင် ပြည်သူများ ၎င်းတို့၏ မူလနေရပ်သို့ ပြောင်းရွှေ့ထွက်ခွာ



**နေပြည်တော် ဇွန် ၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ ကက်သလစ် ဘုရားကျောင်း ယာယီတိုက်ပွဲရှောင် စခန်းရှိ အိမ်ထောင်စု ၃၀၊ လူဦးရေ စုစုပေါင်း ၈၆ ဦး တို့သည် ၎င်းတို့ မူလနေထိုင်ရာ သိန္နီမြို့နယ်သို့ မေ ၂၈ ရက်တွင် ၎င်းတို့အစီအစဉ်ဖြင့် ပြောင်းရွှေ့ထွက်ခွာသွား၍ အဆိုပါ ယာယီတိုက်ပွဲရှောင်စခန်းအား ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

မောင်ဇော်

## ကျောက်ဖြူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

**ကျောက်ဖြူ ဇွန် ၆**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုဝင် သားသမီးများအား ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအသုံးအဆောင်ပစ္စည်းများနှင့် ပညာသင် ထောက်ပံ့ကြေးပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမင်းသူက အမှာစကားပြောကြားပြီး ပညာသင် ထောက်ပံ့ငွေနှင့် ကျောင်းအသုံးအဆောင်ပစ္စည်းများဖြစ်သည့် ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ပေတံ၊ ခဲဖျက်၊ ကွန်ပါဘူးများကို ထောက်ပံ့ပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံယူခဲ့ကြောင်း သိရသည်။ (အောက်ပုံ)

ခရိုင်(ပြန်/ဆက်)



# မြောင်းမြပညာရေးဒီဂရီကောလိပ်၌ ပြုလုပ်သည့် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း PPTT(၁၁/၂၀၂၄) ဖွင့်ပွဲကျင်းပ

**ပုသိမ် ဇွန် ၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြပညာရေးဒီဂရီကောလိပ်မြရတုခန်းမ၌ လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း PPTT (၁၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းကပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တက်ရောက်သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က "အနာဂတ်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းထမ်းဆောင်မည့် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်လူရွယ်များ၏ လက်ဦးဆရာများဖြစ်လာမည့် သင်တန်းသား သင်တန်းသူများအတွက် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း PPTT(၁၁/၂၀၂၄) ကို ဖွင့်လှစ်နိုင်ခဲ့သဖြင့် နိုင်ငံတော်နှင့် တိုင်းဒေသကြီးအတွက် မင်္ဂလာရှိသည့်နေ့ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ကိုယ်ပိုင်ကျောင်းများအပါအဝင် ကျောင်းပေါင်း ၇၂၉၀ ရှိကြောင်း၊ သင်တန်းသား သင်တန်းသူ မောင်မယ်များအနေဖြင့် သင်တန်းပြီးဆုံးပါက မိမိတို့တာဝန်ကျရာဒေသများကို သွားရောက်တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး အခြေခံပညာကျောင်းများ၏ ဆရာ ဆရာမလိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ဗလငါးတန်ပြည့်စုံသောလူငယ်များ၏ စံပြအားထားရသော ဆရာ ဆရာမများဖြစ်ကြပါစေကြောင်း" ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး **(ယာပုံ)** ထောက်ပံ့ငွေများနှင့် ဆန်၊ ဆီ၊ ကြက်ဥများကိုပေးအပ်ရာ မြောင်းမြပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးက လက်ခံရယူခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြောင်းမြမြို့နယ် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၊ စိုက်ပျိုး




ရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# စစ်တွေမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကျင်းပ

**စစ်တွေ ဇွန် ၆**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို ယမန်နေ့က စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း တက်ရောက်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် (Mr . Antonio Guterres)က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှတ်တမ်းဗီဒီယို၊ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်(UNEP) အမှုဆောင်ညွှန်ကြားရေးမှူး၏ အမှာစကားမှတ်တမ်းဗီဒီယိုနှင့် ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေးဗီဒီယိုကို ဖွင့်လှစ်ပြသသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး အခမ်းအနားတက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**တင်ထွန်း (ပြန်/ဆက်)**

# ကျောက်မဲမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနား ကျင်းပ

**သီပေါ ဇွန် ၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ကြီးမှူး၍ ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ယမန်နေ့က ကျောက်မဲမြို့အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ခရိုင် ဒုတိယစီမံအုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်က သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောသစ်ပင်များ အရေးပါပုံနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှူး ဦးအောင်ဇော်လေးက "သဲကန္တာရ တိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ် ခံနိုင်ရေး မြေယာ ပြန်လည်ပြုပြင်ပေး" ဆောင်ပုဒ်ကို ဟောပြောပြီး တက်ရောက်လာသူများက သိရှိလိုသည်များ ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသည့် စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေကာ သစ်တောသစ်ပင် ချစ်မြတ်နိုးရေးအတွက် ပညာပေးဗီဒီယိုပြသခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**



## ကျေးရွာသစ်တော၊ ထင်းမျှော်အိမ်တိုင်၊ လှိုင်လှိုင်ရဖို့၊ စိုက်ပျိုးစို့

# တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၆**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇွန် ၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် တရုတ်နိုင်ငံထုတ် လယ်ထွန်စက်အပိုပစ္စည်း Two Wheel Tractor Oil Pump ၂၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀) ကို လည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် တရုတ်နိုင်ငံထုတ် CNC Pneum–matic Forming Press Machine (Used)တစ်လုံးအပါအဝင် ကုန်ပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၂၆၅၉၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၁၅၉၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွာသာကြီး Dry Port ၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Ceramic Squatting Pan Toilet ၈၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၄၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၆၁၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၅ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော်လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် Monosodium Gluta–mate ၂၅ ကီလိုဂရမ်ပါ ၂၁ အိတ် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၂၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X–Ray စက်စစ်ဆေးရေးဂိတ်၌ မုဒုံမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရုတ်နိုင်ငံထုတ် LED Head Lamp ၁၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူဇွန်၅ရက်တွင်မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး) ပူးပေါင်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီဂါလန် ၁၉၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၈၀၅၀၀) နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းများဆိုင်ရာ ဥပဒေအရလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ဂျပန်နိုင်ငံထုတ်စက်ဘီး (Used) ၄၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၃၀၈၀၅၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဇွန် ၄ ရက်နှင့် ၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၁၅၉၉၅၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄ - ကနှင့် ပုဒ်မ ၅၀၅ - က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇွန် ၅ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Henry Soe Moe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ကနောင်စုရပ်ကွက်နေ စောစိုးမိုးအား ည ၈ နာရီ မိနစ် ၂၀ တွင် ဟင်္သာတမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## သန်လျင်မြို့၌ ရာသီဥတုအညွန်းကိန်းအခြေပြု သီးနှံအာမခံဆောင်ရွက်နိုင်ရေး တောင်သူများသို့ အသိပညာပေးဆွေးနွေး

**ရန်ကုန် ဇွန် ၆**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့၌ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာနှင့် မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူများက ရာသီဥတုအညွန်းကိန်း သီးနှံအာမခံလုပ်ငန်းနှင့်ပတ်သက်၍ ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် တောင်သူများသို့ အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၃ ရက်က သန်လျင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။ **(ယာပုံ)**



မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်က အမှာစကားပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်းမှ ဒုတိယအထွေထွေ မန်နေဂျာ ဦးကျော်မျိုးဆွေက ရာသီဥတုအညွှန်းကိန်း အခြေပြုသီးနှံအာမခံလုပ်ငန်း အာမခံထားရှိခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများကို သီးနှံအာမခံလုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ)မှ မြို့နယ်မန်နေဂျာ ဒေါ်ခင်မြတ်ဆွေက စိုက်ပျိုးစရိတ်ချေးငွေလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

မျိုးမင်းသူရ

## အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆) မြဝတီအသင်း ရောဝတီကို အနိုင်ယူ

**ရန်ကုန် ဇွန် ၆**

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆) နောက်ဆုံးနေ့ကို ဇွန် ၆ ရက်က ပဒုမ္မာကွင်း၌ ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ မြဝတီအသင်းက ရောဝတီအသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရောဝတီအသင်းသည် ယခုပွဲအနိုင်ရပါက ထိပ်ဆုံးနေရာ ရယူနိုင်မည်ဖြစ်သော်လည်း ပထမဆုံးရှုံးပွဲတွေ့ခဲ့သည်။ လက်ရှိချန်ပီယံ မြဝတီအသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ချန်ပီယံကာကွယ်ခွင့် လမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိလာသည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာပြီး ဒုတိယပိုင်း မိနစ် ၅၀ တွင် စန်းသော်သော်က ရောဝတီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ပန်းအိခိုင်က မြဝတီအသင်းအတွက် ၅၂ မိနစ်တွင် ချေပဂိုးနှင့် ၅၆ မိနစ်တွင် အနိုင်ဂိုးသွင်းယူခဲ့သည်။ပွဲစဉ်(၆) အပြီးတွင် ရန်ကုန်အသင်းက ငါးပွဲကစား ရမှတ် ၁၂ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ရောက်ရှိလာပြီး အား/ကာသိပ္ပံအသင်းက ငါးပွဲကစား ၁၁ မှတ်၊ မြဝတီအသင်းက ခြောက်ပွဲကစား ၁၀ မှတ်၊ ရောဝတီအသင်းက ငါးပွဲကစား ၁၀ မှတ်၊ သစ္စာအားမာန်အသင်းက ငါးပွဲကစား ငါးမှတ်၊ YREO အသင်းက ငါးပွဲကစား သုံးမှတ်ရရှိထားပြီး ရှမ်းယူနိုက်တက်အသင်းက ငါးပွဲကစား ငါးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

ရဲရင့်လွင်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၆**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၆ - ၆ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၃၀ ကျပ် | ၂၄၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၈၀ ကျပ် | ၂၄၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၅၆၅ ကျပ် | ၂၆၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၆၆၅ ကျပ် | ၂၇၄၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၂၀၀ | ၉၂၀၀ | ၂၆၃ | ၂၄၀၉၃၀၀ |
| MTSH | ၃၂၅၀ | ၃၂၅၀ | ၂၈၁၈ | ၉၂၂၇၂၀၀ |
| MCB | ၈၃၀၀ | ၈၃၀၀ | ၂၆ | ၂၁၅၈၀၀ |
| FPB | ၁၆၅၀ | ၁၇၅၀ | ၄၀၅ | ၇၀၇၉၅၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၅၂ | ၁၄၃၀၀၀ |
| EFR | ၁၈၀၀ | ၁၈၅၀ | ၂၉၇၁ | ၅၃၇၈၁၀၀ |
| AHPC | ၄၆၀၀ | ၄၈၀၀ | ၄၁၀ | ၁၈၈၈၀၀၀ |
| MAEPC | ၂၉၀၀ | ၃၀၀၀ | ၁၅၀၁ | ၄၄၄၅၄၀၀ |

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE
www.mdn.gov.mm

## အိတ်ဖွင့်လေလံကြော်ငြာ

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ဈေးများရှိ အောက်ဖော်ပြပါနေရာလွတ်များအား ငှားရမ်းခြင်း၊ လူနေဆိုင်ခန်းနှင့် အတည်ဆိုင်ခန်းများအား ရောင်းချခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

- (က) ဈေးချိုတောင်ဘက်တိုက်တန်း ဒုတိယထပ်၊ တတိယထပ်နှင့် ခေါင်မိုးထပ် ဧရိယာ ၅၉၃၉၀ ဒသမ ၆၇ စတုရန်းပေ (ဈေးချိုဟိုတယ်နေရာ)
- (ခ) ဈေးချိုမြောက်ဘက်တိုက်တန်း ခေါင်မိုးထပ်(မြောက်ဘက်ခြမ်း) ဧရိယာ ၁၄၉၆၁ ဒသမ ၇၈ စတုရန်းပေ
- (ဂ) မန်းမြန်မာပလာဇာ ဒုတိယထပ် ဧရိယာ ၁၄၃၉၂ ဒသမ ၇၅ စတုရန်းပေ
- (ဃ) ရတနာပုံဈေး ပဉ္စမထပ် ဧရိယာ ၄၇၈၀၃ ဒသမ ၈ စတုရန်းပေ
- (င) နန်းရှေ့ဈေး ဒုတိယထပ် အနောက်ဘက်ခြမ်း ဧရိယာ ၈၈၉၂ စတုရန်းပေ
- (စ) မန်းမြို့ဈေး ပထမထပ်ခန်းမနေရာ ဧရိယာ ၆၃၀၀ စတုရန်းပေ
- (ဆ) စက်မှု-၂ဈေး ပတ္တမြားဆောင် အကျယ်အဝန်း (၁၅ x ၄၀)ပေရှိ RC (၂)ထပ် လူနေဆိုင်ခန်းအမှတ်(၄၊ ၁၄)
- (ဇ) စက်မှု-၂ဈေး (၈x၁၀)ပေအကျယ် အတည်ဆိုင်ခန်းများ
  (A)ရုံ၊ ဆိုင်အမှတ် (၂၊ ၃၊ ၄၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၃၊ ၁၄၊ ၁၅)
  (C)ရုံ၊ ဆိုင်အမှတ် (၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂)
  (D)ရုံ၊ ဆိုင်အမှတ် (၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄)
- (ဈ) မြရည်နန္ဒာဈေး(၈x၁၀)ပေအကျယ်အတည်ဆိုင်ခန်းများ
  (E)ရုံ၊ ဆိုင်အမှတ်(၄၂၊ ၅၄၊ ၈၆၊ ၉၂၊ ၉၄)

၂။ အမှတ်စဉ်(က) မှ (စ)အထိ နေရာလွတ်များအား တစ်နှစ်လျှင် တစ်ကြိမ် စာချုပ်ချုပ်ဆို ငှားရမ်းမည်ဖြစ်ပါသည်။ အမှတ်စဉ်(ဆ)ပါ လူနေဆိုင်ခန်း(၂)ခန်းနှင့် အမှတ်စဉ်(ဇ)နှင့်(ဈ)ပါ အတည်ဆိုင်ခန်း (၆၉)ခန်းတို့ကို ရောင်းချသွားမည် ဖြစ်ပါသည်။

၃။ အဆိုပါ နေရာလွတ်များအား ငှားရမ်းခြင်းနှင့် လူနေဆိုင်ခန်း/အတည်ဆိုင်ခန်းများအား ရောင်းချ ခြင်းတို့အတွက် အိတ်ဖွင့်လေလံစနစ်ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ နေရာလွတ်များအား ငှားရမ်းလိုပါကလည်းကောင်း၊ လူနေဆိုင်ခန်းနှင့် အတည်ဆိုင်ခန်းများကို ဝယ်ယူလိုပါကလည်းကောင်း လေလံလျှောက်လွှာများအား တစ်စောင်လျှင် ငွေကျပ် ၁၀၀၀၀/-နှုန်းဖြင့် ၁၀-၆-၂၀၂၄ ရက်မှ ၂၁-၆-၂၀၂၄ ရက်အထိ နံနက် ၁၀:၀၀ နာရီမှ ညနေ ၃:၀၀ နာရီအတွင်း ဈေးနှင့်သားသတ်ဌာနတွင် ရောင်းချမည်ဖြစ်ပါသည်။

၄။ လေလံလျှောက်လွှာများကို ၅-၇-၂၀၂၄ ရက်၊ ညနေ ၃:၀၀ နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။ သိရှိလိုသည်များရှိပါက ၃၁ လမ်း (၇၂x၇၃) လမ်းကြားရှိ ဈေးနှင့်သားသတ်ဌာန၊ ဌာနမှူးရုံးခန်းသို့ လူကိုယ်တိုင်သော်လည်းကောင်း ဖုန်း-၀၉-၄၃၁၀၁၈၇၅၊ ၀၉-၄၄၄၀၃၅၆၂၇နှင့် ၀၉-၆၈၈၈၉၅၂၁၇ တို့သို့ ဖုန်းဖြင့် သော်လည်းကောင်း စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဈေးနှင့်သားသတ်ဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)

## မကွေးခရိုင်တရားရုံးတော်

## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၇

ဒေါ်မြင့်မီ **နှင့်** ၁။ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် နေပြည်တော် (၎င်း၏ကိုယ်စားဘဏ်ခွဲတာဝန်ခံ ဒေါ်နီလာထွေး)
၂။ ဒေါ်သန်းသန်း
၃။ ဒေါ်ရီရီမြင့်

**တရားလို** **တရားပြိုင်များ**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အမှတ်(၄၀၅)၊ (၁၇)လမ်း၊ ရန်မျိုးအောင်ရပ်ကွက်နေ (၂)တရားပြိုင် ဒေါ်သန်းသန်းနှင့် (၃)တရားပြိုင် ဒေါ်ရီရီမြင့် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ် တရားလို ဒေါ်မြင့်မီက မကွေးခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၆၀/၂၀၁၇ စီရင်ချက်နှင့် ဒီကရီသည် တရားလိုအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးခွင်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၇ရက် (၁၃၈၆ ခုနှစ်၊ နယုန်လဆုတ် ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်၏မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုသည့် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လှမြတ်မွန်)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**မကွေးခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက် အမှတ်(၁၉၅)၊ ဦးပိုင်အမှတ် (၇၈)ခဲစင်း၊ ၈၉လမ်း၊ ၂၄ x ၂၅ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်သိန်းဝင်း ၉/မနတ(နိုင်)၀၃၂၉၁၆ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၇၂၉/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအာနန်(ခ)အောင်မြင့်လွင် ၅/တမန(နိုင်)၀၆၅၀၆၉ က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/အကွက်အမှတ်နှင့်အမည်-၅/ပဒေသာ၊ ဦးပိုင်အမှတ် (၁၂)၊ ဧရိယာ ၀ ဒသမ ၂၂၀ ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးထွန်းလတ် ၅/တဆန(နိုင်)၀၀၀၅၉၅ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ် (၃၅၁)၊ ဦးပိုင်အမှတ် (၆-က)၊ စိတ္တသုခလမ်းမျက်နှာပြု၊ မဟာစည်ရိပ်သာ လမ်းနှင့် စိန်ပန်းလမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ မရင် ကွယ်လွန်၍ အမွေဆက်ခံ စာချုပ်အမှတ် (၂၅၇၈/၂၀၂၃) ဖြင့် ပိုင်ဆိုင်သူ (ကိတ္တိမသား) ဦးကျော်ကျော်နိုင် ၉/မနတ(နိုင်)၀၅၆၇၉၁ ၏ ဂရန်ပျောက်၊ သက်တမ်းတိုး၊ အမည်ပြောင်း၊ လျှောက်ထားလာမှုအပေါ် ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ဆဲဖြစ်ပြီး ကန့်ကွက်နိုင်ကြောင်း သတင်းစာတွင် ထည့်သွင်းကြော်ငြာစေခဲ့ရာ ယခုဂရန်ပယ်ဖျက်မိန့်ထုတ်သည့်အချိန်ထိ ကန့်ကွက်သူမရှိကြောင်း သက်တမ်းကုန်ဂရန်အမှုအမှတ် ၃.အာရ်/၁၉၆၂-၁၉၆၃ အရ ထုတ်ပေးထားသော ဂရန်စာချုပ်အား ဌာနမှပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဘောလုံးကွင်းရပ်ကွက်၊ ကျောင်းကြီးလမ်းနေ မောင်ရဲမင်းကိုသိမ်း၏ ဖခင်အမည်မှန်မှာ ဦးမောင်လှဖော် ၁၁/စတန(နိုင်)၀၀၉၉၃၇ ဖြစ်ပါကြောင်း။

**ဦးမောင်လှဖော်**

## အမည်ပြောင်း

နေပြည်တော်၊လယ်ဝေးမြို့၊အမှတ်(၁) ရပ်ကွက်နေ ဦးမျိုးမင်းခန့် ၉/လဝန(နိုင်)၁၅၁၇၆၉ ၏ သား Wisdom Hill Private High School၊ Grade-4 မှ မောင်လင်းမြတ်အား မောင်လင်းမြတ်ဦး ဟု ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ ဇုန်(City Loft)၊ တိုက်အမှတ်(CL9)(A5)၊အခန်းအမှတ်(၄၁၅)၊ Type (1-Bedroom)၊ Area (၄၈၄)Sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်အိဖြူဖြူမောင် ၁၂/ဒဂတ(နိုင်)၀၇၉၉၈၄ ထံမှ အပြီးအပြတ် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဆွေဇင်ဦး**
**၁၂/သကတ(နိုင်)၁၇၅၀၇၅**
**ဖုန်း-၀၉-၇၈၃၆၇၁၇၀၈**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်မ ဒေါ်နန်းစံခမ်း ၁၃/မဆတ(နိုင်)၀၄၅၄၇၇ ၏ ဖခင် ဦးစိုင်းကျော်ဝင်းနှင့် ဦးကျော်ဝင်းသည် အမည်(၂)မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့၊ အလက(ခွဲ)၊ ကျခတ်ငူကျောင်း၊ Grade-5မှ မသဲစုလင်း၏ ဖခင်အမည်မှန်မှာ ဦးမျိုးဇော် ၁၀/ပမန(နိုင်)၁၄၃၅၅၇ ဖြစ်ပါကြောင်း။

**ဦးမျိုးဇော်**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်အေးမင်းထွန်း ၁၂/တမန(နိုင်)၁၄၄၁၄၆ ၏ နိုင်ငံကူးလက်မှတ် (MD-438060) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၂၁၇၉၂၀၁**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ၂(က) စံပြရပ်ကွက်၊ ဓမ္မသုခ (အပြင်လမ်း)၊ အမှတ် (၁၃၅/၁၃၆) ဟုခေါ်တွင်သည့် အလျား (၂၇'/၁၉') x အနံ (၄၀'/၂၈') မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ သုံးထပ်တိုက် (၁)လုံး၊ နှစ်ထပ်တိုက် (၁) လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချသူ ဦးမျိုးထွဋ် ၁၀/မလမ (နိုင်) ၀၃၃၈၆၇၏ဇနီး ဒေါ်လေးလေးခိုင် ၆/ထဝန (နိုင်)၀၇၇၉၃၆ က ၎င်းတို့သာပိုင်ဆိုင်ကြောင်းဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသော ဦးညီညီသိမ်းမောင် ၁၁/မတန (နိုင်)၀၁၃၇၁၃ နှင့် ဇနီးဒေါ်မအေးသန်း ၁၁/မတန(နိုင်)၀၁၃၇၃၂တို့မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်အားကန့်ကွက်မည့်သူရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၅)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းများမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးညီညီသိမ်းမောင် ၁၁/ မတန(နိုင်)၀၁၃၇၁၃ နှင့်**
**ဒေါ်မအေးသန်း ၁၁/မတန(နိုင်)၀၁၃၇၃၂ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်စွာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၃၉၉)**
**အမှတ် (၁၁၀)၊ ပထမထပ်၊ (၃၉) လမ်း၊ (အောက်ဘလောက်)**
**မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၉၄၉၀၈၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့၊ ပါဆတ်ရပ်ကွက်၊ ရပ်ကွက်ခြားလမ်း၊ ကွင်းအမှတ်(၂၄)၊ ဦးပိုင်အမှတ် (၅၅/က)ဟုခေါ်တွင်သော အလျား(၂၇၃ ၂၇၀)နှင့် အနံ(၁၈၃ ၁၀၆)ပေရှိ မြေနှင့်မြေပေါ်မြေအောက်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးစိုင်းထွန်းအောင် ၁၃/လလန(နိုင်)၁၁၂၀၄၄ မှ လက်ရှိပိုင်ဆိုင်၍ ဆက်စပ် စာချုပ်အထောက်အထားများဖြင့် ရောင်းချ စီမံပိုင်ခွင့်ရှိသူဖြစ်ကြောင်းနှင့် အရှုပ်အရှင်းကင်းကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ဆက်သွယ်၍ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းသတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ယဉ်မင်းသိန်း ၁၃/တခလ(နိုင်)၀၂၀၃၄၂ ၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအားဂျေ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၄၇၆၅)**
**ဖုန်း-၀၉-၂၅၂၃၄၆၀၀၊ ၀၉-၆၆၂၇၇၈၄၁၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာ စီမံကိန်းအဆင့်၊ ဇုန်(အေ)၊ တိုက်အမှတ်(A4)၊ အခန်းအမှတ်(၁၂၁၉)၊ Type(D)၊ Area(၁၁၈၅) Sqftရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင်ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ် တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်လွင်မာဌေး ၁၂/ပဘတ(နိုင်)၀၃၁၇၆၅ တို့ထံမှ အပြီးအပြတ် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ဆက်**
**၁၂/ရကန(နိုင်)၀၅၇၃၁၁**
**ဖုန်း-၀၉-၅၁၀၇၆၆၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၀၀/A၊ ဦးပိုင်အမှတ်-၁၀၅၊ မြေကွက်အမှတ်-၂၅၊ အမည်ပေါက်-ဦးဘိုးသင်၊ ဒေါ်ချစ် မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော အလျား x အနံ(၂၃/၃၈ x ၁၈၀) ပေခန့်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ( ၃)လုံး၊ ရေ၊ မီး အပါအဝင် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များအားလုံးတို့ကို မူလမြေ အမည်ပေါက်ပိုင်ရှင်များ၏ ချွေးမနှင့်မြေးများဖြစ်ပြီး လက်ရှိလက်ဝယ်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်သော ၁။ ဒေါ်ညွှန့်ရွှေ ၁၂/အစန(နိုင်)၁၁၃၄၃၈၊ ၂။ ဦးသန်းအောင် ၁၂/အစန(နိုင်)၁၁၀၁၉၅၊ ၃။ ဦးသိန်းဝင်း ၁၀/သဖရ(နိုင်)၀၃၅၇၂၆၊ ၄။ ဒေါ်မြမြအေး ၁၂/အစန(နိုင်)၁၁၃၀၀၀၊ ၅။ ဦးခင်မောင်ရွှေ ၁၂/အစန(နိုင်) ၁၁၅၉၇၇၊ ၆။ ဦးတင်မောင်ဝင်း ၁၂/အစန(နိုင်)၁၆၈၅၆၆ တို့ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းကြေးငွေ အချို့အဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ဥပဒေအရ ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီစလင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၉၆၈၅)**
**အမှတ်-၅၅၊ ဒုတိယထပ်၊ အခန်း - ၇၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၉၃၁၁၅**

## မိဘအမည်မှန်

တောင်သာမြို့၊ ရသစ်ကျေးရွာနေ ရသစ်အထက Grade-12 မှ မမေမြတ်စိုး၏ မိဘ အမည်မှန်မှာ ဦးဝင်းစိုးပိုင် ၉/တသန(နိုင်) ၁၂၀၀၇၀ နှင့် ဒေါ်စန်းစန်းမော် ၉/တသန(နိုင်)၁၂၀၁၂၄ ဖြစ်ပါကြောင်း။

**ဦးဝင်းစိုးပိုင်-ဒေါ်စန်းစန်းမော်**

## အမည်မှန်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ မြကြေးမုံလမ်း၊ အိမ်အမှတ်(၁၃၃)နေ (ဘ) ဦးဒါနီအေးလှ ၉/မမန(နိုင်)၀၄၃၈၀၉ ၏သား မောနာသာနီအယ်လ်ဂျုံမတ် ၏ အမည်မှန်မှာ မောင်ဂျုံမတ်မောယို ဖြစ်ပါသည်။

**မောင်ဂျုံမတ်မောယို**

## ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ်၊ အထက မိုင်းနောင် Grade-11 မှ မညီညီထွန်း၊ Grade-9 မှ မငုဝါထွန်း၊ Grade-6 မှ မောင်ထွန်းမင်းနိုင်၊ အမက စုစည်း Grade-3 မှ မောင်သိန်းနိုင်ဦး တို့၏ဖခင်အမည်မှန်မှာ ဦးကျော်သိန်း ၅/ကဘလ(နိုင်)၁၄၇၀၆၉ ဖြစ်ပါကြောင်း။

**ဦးကျော်သိန်း**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးတင်အောင် ၁၂/လမန(နိုင်)၀၅၅၅၉၃ နှင့် ဒေါ်လှအေးစိန် ၁၂/လမန(နိုင်)၀၅၅၅၉၄ တို့၏သား ဦးဇော်ထက်အောင် ၁၂/လသယ(နိုင်)၀၈၈၂၄၈ သည် မိဘ၊ မောင်နှမတို့၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများခွင့်မလွှတ်နိုင်သည့် ကိစ္စများအား ဆောင်ရွက်နေသည့်အတွက် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ဦးဇော်ထက်အောင်နှင့်ပတ်သက်သည့် ကိစ္စအဝဝအား ဦးတင်အောင်-ဒေါ်လှအေးစိန် တို့ဘက်မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် မည်သို့မှ ပတ်သက်စပ်ဆိုင်မှုမရှိကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးတင်အောင်-ဒေါ်လှအေးစိန်**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရ မြို့နယ်၊ ကြံတန်းရပ်ကွက်၊ အကွက်အမှတ် (၆၀၀)၊ ဦးပိုင်အမှတ်(၇၉/၃)၊ စစ်ကိုင်း-မန္တလေးကားလမ်းပေါ်၊ တံတားလယ်ရွာနှင့် တောင်ကြီးရပ်ကွက်ကြားရှိ မြေကွက်အား မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၈-၈-၂၀၂၂ရက်စွဲပါ စာအမှတ် ၂/၃-၃/၇ ဦး၆ (၀၅၂/၀၅၃) အရ ဒေါ်မီးမီးဦး ၉/မကန(နိုင်)၀၉၇၂၀၅ က လယ်ယာမြေအား အခြားနည်းအသုံးပြုရန် ခွင့်ပြုမိန့်တို့နှင့်အတူ အမှုတွဲအမှတ် ၁၄၀၈/ ၂၀၂၄-၂၀၂၅ ဖြင့် ဂရန်သစ် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ ရန်ကုန်ပုံနှိပ်စက်ရုံများမှ ထွက်ရှိသော အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို (၇-၆-၂၀၂၄ မှ ၁၃-၆-၂၀၂၄ ထိ) နေ့စဉ် နံနက် (၉:၃၀) နာရီမှ ညနေ (၄:၀၀) နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့် အချိန်မှာ (၁၃-၆-၂၀၂၄) ရက် ညနေ (၄:၀၀) နာရီ ဖြစ်ပါသည်။

၃။ သတ်မှတ်ချိန်ထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၁-၈၂၉၄၃၇၇၊ ၀၁-၈၂၅၁၉၀၈ ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ် (၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်**
**ရန်ကုန်မြို့။**

